# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
## (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၅၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၃၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များ အတိုင်းဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့အစည်းအဝေးမှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၃) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၄) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၅) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၁ ရက်၊

(၆) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၂ ရက်၊

(၇) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၈) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၉) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်၊

(၁၀) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိန်း ခွင့် ၁ ရက်၊

(၁၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၁၂) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

(၁၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၁၄) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၂ ရက်၊

(၁၅) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၁၆) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၂ ရက်၊

(၁၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၂ ရက်၊

(၁၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၂ ရက်၊

(၁၉) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၂ ရက်၊

(၂၀) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၁ ရက်နှင့်

(၂၁) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်

ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင် ဆောင်ရွက်ပါ့မယ်။

## ၂၀၁၅ ခုနှစ် နောက်ပိုင်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို တက္ကသိုလ်အလိုက် စစ်ဆေးခဲ့လျှင် ဒသမတန်းရမှတ်အား ထည့်သွင်းစဉ်းစားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်(ချမ်းမြသာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပညာရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးအပြောင်းအလဲကို ပညာရေးနှင့်ဆက်နွယ်နေတဲ့ မိဘ တိုင်းကစိတ်ပါဝင်စားနေကြပါတယ်။ မိမိတို့သားသမီးများအတွက် မည်သို့ကြိုတင်ပြင်ဆင်ရမည်ကို လည်း မိဘတိုင်းက သိရှိလိုကြပါတယ်။ ကျောင်းသားနှင့် မိဘများ မှန်ကန်တဲ့လမ်းကြောင်းအတိုင်း လျှောက်လှမ်းနိုင်ရန်အတွက် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါသည်ခင်ဗျား။ မေးခွန်း (၁) ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် အခြေခံပညာပြီးဆုံးကြောင်း စာမေးပွဲကြီးအစိုးရစစ်မရှိတော့ဘဲ ကျောင်းစစ်အဖြစ်သာ တည်ရှိတော့မည်ကို ဟုတ်/မဟုတ် သိရှိလိုပါတယ်ခင်ဗျား။ မေးခွန်း (၂) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို တက္ကသိုလ်အလိုက်စစ်ဆေးခဲ့လျှင် (က) ဒသမတန်းရမှတ်ယူ/မယူ (ခ) နဝမတန်းစာရော ဒသမတန်းစာပါ မေး/မမေး။ (ဂ) ဘယ်တက္ကသိုလ်တွင် ဘယ်ဘာသာတွေ

ဖြေရမလဲ စသည်တို့ကို သိရှိလိုကြောင်း စိတ်ပါဝင်စားသော မိဘများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်းက မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုကို အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အခြေခံပညာရေးဖွဲ့စည်းပုံအား KG+12စနစ်ဖြင့် သူငယ်တန်းအပါအဝင် ပထမတန်းမှ ဒွါဒသမတန်းအထိ သင်ကြားနိုင်ရေးအတွက် ပြင်ဆင်ဆောင် ရွက်သွားရန် ရှိပါတယ်။ အခြေခံပညာရေး ဖွဲ့စည်းပုံပြောင်းလာသည်နှင့်အမျှ စစ်ဆေးအကဲဖြတ် သည့်စနစ် စာမေးပွဲစနစ်များကိုလည်း ပြုပြင်ပြောင်းလဲလာသည့် စနစ်နဲ့အညီ နိုင်ငံတကာအဆင့်မီ ပြောင်းလဲရန်ရှိမည် ဖြစ်ပါတယ်။ လက်ရှိတက္ကသိုလ်ဝင်တန်းစာမေးပွဲ (ဒသမတန်းစာမေးပွဲ)သည် အခြေခံပညာပြီးဆုံးမှုနှင့် တက္ကသိုလ်ဝင်ခွင့် နှစ်ခုလုံးအတွက် ရည်ရွယ်ဆောင်ရွက်နေသည့် အခြေ အနေဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် အခြေခံပညာပြီးဆုံးသူများသည် ဖြေဆိုသူများ၏ သုံးပုံတစ်ပုံသာရှိပြီး အလွန်နည်းပါးကာ သုံးပုံနှစ်ပုံမှာ အခြေခံပညာပြီးဆုံးမှုမရှိဘဲ ကျောင်းထွက်ရ သည့်အခြေအနေသို့ ရောက်ရှိလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အခြေခံပညာပြီးဆုံးသည့် စာမေးပွဲနှင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို သီးခြားစီ ကျင်းပရန် ဆွေးနွေးနေဆဲဖြစ်ပါတယ်။ အခြေခံပညာပြီးဆုံးကြောင်း စစ်ဆေးမည့် စာမေးပွဲသည် အစိုးရစစ်ပင် ဖြစ်ပါတယ်။ ကျောင်းစစ်အဖြစ်သာ ရှိမည်ဆိုခြင်းမှာမဟုတ်ပါ။ အမျိုးသားပညာရေး ဥပဒေအရ တက္ကသိုလ်များသည် သီးခြားလွတ်လပ်စွာရပ်တည်၍ တက္ကသိုလ်၏ ပညာရည် အဆင့်အတန်းမြင့်မားရေး၊ အရည်အသွေးအာမခံနိုင်မှုရှိရေး၊ ပညာရေးဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများ၏ အသိအမှတ်ပြုရရှိရေးများကို တက္ကသိုလ်များက လွတ်လပ်စွာကြိုးပမ်း

ဆောင်ရွက်သွားကြရတော့မည် ဖြစ်ပါတယ်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်သွားရမည့် လုပ်ငန်းများစွာ ထဲတွင် မိမိတက္ကသိုလ်သို့ ပညာသင်ကြားရန် သို့မဟုတ် မိမိတက္ကသိုလ်က လက်ခံသင်ကြားပေးရမယ့် ကျောင်းသားကို ရွေးချယ်ရန်လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကျောင်းသားကလည်း မိမိကြိုက်နှစ်သက်ရာ ပညာရပ်နှင့်တက္ကသိုလ်ကို ရွေးချယ်၍ လျှောက်ထားခွင့် ရကြမည်ဖြစ်သကဲ့သို့ တက္ကသိုလ်များကလည်း မိမိတက္ကသိုလ်က လက်ခံသင်ကြားပေးလိုသော အရည်အချင်းရှိသည့် ကျောင်းသားကို ရွေးချယ်ခွင့် ရရှိကြတော့မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့သည့် အမှတ် ၂ မေးခွန်းသည် သက်ဆိုင်ရာတက္ကသိုလ်က ဆုံးဖြတ်မည်ဖြစ်ပြီး တက္ကသိုလ် အလိုက် အခြေအနေအမျိုးမျိုး ဖြစ်နိုင်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပညာရေးချို့တဲ့၍ အလုပ်အကိုင်မရရှိသော လူငယ်များအတွက် အထူးအစီအစဉ်ဖြင့် မည်သည့် စီမံကိန်းများ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဇာတလဲမ်း၊ ထန်တလန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မြန်မာနိုင်ငံတွင် လူငယ် လူရွယ် ၉ တန်း၊ ၁၀ တန်း အထူးသဖြင့် ၉ တန်း၊ ၁၀ တန်း မအောင်နိုင်တဲ့ လူငယ်များဟာ သူတို့ဘဝ အာမခံချက်မရှိ၊ အသက်မွေးဝမ်းကြောင်းမရှိ ကိုယ့်ဟာကိုယ်စိတ်အားငယ်ပြီးတော့ ဘဝကိုအာမခံချက် မရှိတဲ့အတွက် သူတို့ ဘဝကိုမူးယစ်ဆေးဝါးမကောင်းမှုလုပ်ရပ်များဖြင့် အသုံးချနေကြပါတယ်။ တချို့ဆိုလျှင် အလုပ်အကိုင်မရရှိတဲ့အတွက် နိုင်ငံတော်အတွင်းနေချင်သော်လည်း မိမိနိုင်ငံမှမိမိ မိသားစုနဲ့ခွဲခွာပြီး နိုင်ငံခြားမှာ အလုပ်လုပ်ရခြင်းဖြင့် ဒုက္ခများစွာ ကြုံတွေ့နေကြပါတယ်။ ဤကဲ့သို့ မြန်မာနိုင်ငံအတွင်း ပညာရေးချို့တဲ့၍ အလုပ်အကိုင်မရရှိသော လူငယ်များအတွက် နိုင်ငံတော်အစိုးရ မှ အထူးအစီအစဉ်ဖြင့် စီမံကိန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပဏာမ မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်လို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးထင်အောင်က ဖြေကြားသွားမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေနဲ့ မြို့နယ်အသီးသီးမှာ ဖွင့်လှစ်ထားတဲ့ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများကနေ ပညာအရည်အချင်းရှိသူဖြစ်စေ၊ ပညာအရည်အချင်း ချို့တဲ့သူဖြစ်စေ၊ အရွယ်ရောက်တဲ့ လူငယ်လူရွယ်များကို သူတို့နဲ့သင့်တော်တဲ့ လုပ်ငန်းခွင်တွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်စေဖို့ အလုပ်သမားမှတ်ပုံတင်များ ပြုလုပ်ပေးပြီး အလုပ်အကိုင်များကို ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလို အလုပ်လုပ်လိုသူများ အလုပ်ရရှိနိုင်ဖို့အတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်တွေမှာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၇၇ ရုံးနဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံး ၁၅ ရုံးတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်လို့ ပြည်သူလူထု သိရှိစေနိုင်ဖို့အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ Website (www.mol.gov.mm)ကို လွှင့်တင်ထားရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးနေမှုသာမက အလုပ်သမားရုံး မဖွင့်လှစ်နိုင်သေးတဲ့ နယ်မြေဒေသတွေမှာ Mobile Team တွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိဖို့ ကွင်းဆင်းပြီး အလုပ်သမားမှတ်ပုံတင်ပေးကာ၊ အလုပ်ရှင်နဲ့ တိုက်ရိုက်ဆက်သွယ်ပေးတာတွေကို ကုန်ကျစရိတ်နှင့် အချိန်ကုန်သက်သာစွာနဲ့ ဆောင်ရွက်ပေးနေပါတယ်။

ဒီလိုဆောင်ရွက်ပေးရာမှာ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၅၂ ခုကို တရားဝင်လိုင်စင်များထုတ်ပေးထားပြီး အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးများနဲ့ ပူးပေါင်းဆောင်ရွက်စေကာ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိဖို့ ဆောင်ရွက်ပေး

နေပါတယ်။ ဒါ့အပြင် မဖွံ့ဖြိုးသေးတဲ့ ဒေသမှာရှိတဲ့ ပြည်သူတွေ အသိဉာဏ်ပွင့်လင်းလာပြီး မိမိတို့ ဒေသအကျိုး၊ ရပ်ရွာအကျိုးအတွက်သာမက မိမိတို့အတွက်ပါ အကျိုးဖြစ်ထွန်းစေမယ့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေဖို့အတွက် အလုပ်အကိုင်ဆိုင်ရာ ဆွေးနွေးပွဲတွေ၊ အသိပညာပေး ဆွေးနွေးပွဲတွေကို ပြုလုပ်ပေးနေပြီး၊ အလုပ်အကိုင်ရှာဖွေသူများနဲ့ အလုပ်သမားလိုအပ်တဲ့ အလုပ်ရှင်များကို အချိန်တိုအတွင်း တစ်နေရာတည်းမှာ တွေ့ဆုံအလုပ်ခန့်ထားပေးနိုင်ဖို့ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို ပြုလုပ်ပေးနေရာမှာ ယခုဆိုရင် ရန်ကုန်မြို့မှာ ၁၂ ကြိမ်နဲ့ မန္တလေးမြို့မှာ ငါးကြိမ် စုစုပေါင်း ၁၇ ကြိမ် ပြုလုပ်ပေးခဲ့ပြီး များမကြာမီမှာ မကွေးမြို့မှာ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ပြုလုပ်ပေးဖို့ရှိပါတယ်။ အလုပ်ရှာဖွေသူလူငယ်များ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ဖွင့်လှစ်ထားတဲ့ ရန်ကုန်၊ မန္တလေး၊ ပုသိမ်မြို့တွေမှာရှိတဲ့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွေမှာ အခြေခံဂဟေဆက်သင်တန်း၊ အခြေခံတွင်ခုံဖောက်ခုံသင်တန်း၊ အခြေခံလျှပ်စစ်သင်တန်းစတဲ့ အခြေခံအသက်မွေးမှု သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိအကောင်အထည်ဖော်နေတဲ့ အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ပေါ်ပေါက်လာမယ့် အလုပ်အကိုင်အခွင့်အလမ်းများအပေါ် မူတည်ပြီး အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ အလုပ်လုပ်ကိုင်လိုသူ လူငယ်လူရွယ်များအတွက် သင့်လျော်တဲ့လုပ်ငန်းခွင်သို့ ရောက်ရှိလုပ်ကိုင်နိုင်စေဖို့အတွက် အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပြီး လုပ်ငန်းခွင်နဲ့သင့်တော်ကာ ကျွမ်းကျင်မှုရှိတဲ့ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆောင်ရွက်ပေးနေတဲ့အပြင် လုပ်ငန်းခွင်တည်ငြိမ်ရေးအတွက်လည်း အလုပ်သမားဥပဒေများနဲ့ ပတ်သက်လို့ အသိပေးမှုများကိုလည်း ဆောင်ရွက်ပေးနေပါကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်စေရေး အသက်မွေးဝမ်းကျောင်းပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်သင်ကြားစေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မတို့မေးချင်တာက မြေပြန့်အတွက်ပဲမဟုတ်ဘဲနဲ့ ပြည်နယ်ဒေသမှာလည်း အခုက ရှမ်းပြည်နယ်တို့၊ ချင်းပြည်နယ်တို့၊ ကချင်ပြည်နယ်တို့မှာလည်း မရှိဘူးလို့ ကြားပါတယ်။ လေ့လာပြီးတော့ အဲ့ဒီ မေးခွန်းကိုတင်ပြရခြင်းဖြစ်ပါတယ်။ ပြီးတော့ သင်တန်းပေးပြီးတော့မှလည်း အလုပ်အကိုင်

ရရှိဖို့လိုပါတယ်။ အခု ကျွန်မမေးခွန်းမှာပါပြီးသား ကျွန်မတို့ဒေသမှာ အလုပ်အကိုင်မရှိတဲ့အတွက် နိုင်ငံခြားကို တော်တော်လေးထွက်တဲ့အခါမှာ လူငယ်တွေက မရှိတော့ဘူး။ နောက် ကျွန်မတို့ ဒီမိုကရေစီမှာ လူငယ်တွေမပါရင် မဖြစ်တဲ့အခြေအနေဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရမှ အထူး ကောင်းတဲ့အစီအစဉ်ကို ဆောင်ရွက်ပေးစေလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေနိုင်ရင်ဖြေပါ။ မဖြေနိုင်လည်းရတယ်။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တင်ပြသလိုပါပဲ။ ကျွန်တော်တို့ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ ရုံးတွေဖွင့်ထားပြီးတော့ အဲ့ဒီမှာအလုပ်အကိုင်နဲ့ပတ်သက်လို့ မှတ်ပုံတင်လို့ရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ကအလုပ်ပေးနိုင်တဲ့ဌာန မဟုတ်ပါဘူး။ အလုပ်လုပ်ချင်တဲ့သူနဲ့ အလုပ်သမားလိုအပ်တဲ့သူနဲ့ ချိတ်ဆက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ ချင်းဒေသမှာတော့ သီးခြားအနေနဲ့ကတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့ဟာမှာ အခက်အခဲအများကြီးရှိနိုင်ပါတယ်။ တစ်နိုင်ငံလုံးတစ်နံတစ်လျားနဲ့ စဉ်းစားရတာဖြစ်တဲ့အတွက် တဖြည်းဖြည်းတော့ ဖြစ်ကောင်းဖြစ်လာပါလိမ့်မယ်လို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ ကျွန်မတို့ချင်းပြည်နယ်ဟာ တိုးတက်မှုက အနိမ့် ကျဆုံးဖြစ်တဲ့အတွက် ချင်းပြည်နယ်ကိုလည်း အထူးပဲဦးစားပေးစေချင်ပါတယ်။ ချင်းပြည်နယ်မှာ အလုပ်အကိုင်က မရှိဘူးဆိုလို့ရှိရင် ကျွန်မတို့ချန်ထားလို့မရပါဘူး။ နောက်နောင်မှာ အလုပ်အကိုင် များများရစေချင်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးခွင့်ရတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၃ ခုနှစ်၊ အသက်ဘေး အန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီ စောင့်ရှောက်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ အသက်ဘေး အန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီ စောင့်ရှောက်ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၂၄-၁၀-၂၀၁၄ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၉ ချက်အနက် ၆ ချက်ကို သဘောတူသင့်ကြောင်းနှင့် ၃ ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေးလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ အသက်ဘေး အန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရရှိသူလူနာအား အချိန်မီကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက် ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်များကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၅-၁၀-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ရာ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ အမျိုးသား လွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်အချက် ၉ ချက်အနက် အချက် ၆ ချက်ကို အမျိုးသား

လွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း လက်ခံရန် သဘောတူခဲ့ကြပါတယ်။ အဲ့ဒီ ၆ ချက်ကတော့ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့ ပြင်ဆင်ချက်ဇယားမှ စာမျက်နှာ ၂ အမှတ်စဉ် ၅ အခန်း (၂) အပိုဒ် ၄၊ စာမျက်နှာ ၂ အမှတ်စဉ် ၆ အခန်း(၂) အပိုဒ် ၅၊ စာမျက်နှာ ၅ အမှတ်စဉ် ၁၄ အခန်း(၄) အပိုဒ် ၁၃၊ စာမျက်နှာ ၅ အမှတ်စဉ် ၁၆ အခန်း(၄) အပိုဒ် ၁၅၊ အသစ်ဖြည့်စွက်ရန်ဖြစ်တဲ့ စာမျက်နှာ ၅ အမှတ်စဉ် ၁၇ အခန်း(၄) အပိုဒ် ၁၆၊ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ စာမျက်နှာ ၆ အမှတ်စဉ် ၂၀ အခန်း(၄) အပိုဒ် ၁၉ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်တင်ပြချက် ၆ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်တင်ပြတဲ့အချက် ၉ ချက်အနက်မှ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ သဘောကွဲလွဲခဲ့သည့်အချက် ၃ ချက်နှင့်စပ်လျဉ်းပြီး ကွဲလွဲချက်ဇယားအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲ့ဒီအချက် ၃ ချက်ကတော့ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)၊ အခန်း(၂) အပိုဒ် ၆ အပိုဒ်ခွဲ(င)၊ အခန်း(၃) အပိုဒ် ၁၁ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲသည့်အချက် ၃ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တပေါင်းတည်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၃ ခုနှစ်၊ အသက်ဘေး အန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ၃ ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ပြည်သူ့လွှတ်တော်က ပြန်လည်ပြင်ဆင်ဖို့အတွက် ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောထား ကွဲလွဲတဲ့ ၃ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားဖို့လည်း ဥပဒေ ကြမ်းကော်မတီက တင်ပြသွားပါတယ်။ ဒီတင်ပြချက်များနှင့်ပတ်သက်လို့ လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသောထိခိုက်ဒဏ်ရာရလူနာများ အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောထားကွဲလွဲချက်သုံးချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

**တပ်မတော်သားကိုယ်စားလှယ်၊ ဗိုလ်မှူးချုပ်တင့်ဆန်း၏ ၃၀-၉-၂၀၁၄ ရက်နေ့တွင် မေးမြန်းခဲ့သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေမည့် အနာဂတ်အစီအမံများ မည်သို့ချမှတ်ထားသည်နှင့် အစီအမံများကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများကြုံတွေ့လာပါက မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်ကိုသိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးကော်မတီက ရှင်းလင်းတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း၏ ၃၀-၉-၂၀၁၄ ရက်နေ့တွင် မေးမြန်းခဲ့သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေမည့်အနာဂတ်အစီအမံများ မည်သို့ချမှတ်ထားသည်နှင့် အစီအမံများကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများတွေ့ကြုံလာပါက မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးကော်မတီက ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက် လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သားကိုယ်စားလှယ်တစ်ဦး မေးမြန်းခဲ့တဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမယ့် အနာဂတ်အစီအမံများနဲ့ မည်သို့ချမှတ်ထားသည်နှင့် အစီအမံများကို အကောင်အထည်ဖော်ရာမှာ စိန်ခေါ်မှုများကြုံတွေ့လာပါက မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်ကို သိလိုသည့်မေးခွန်းနှင့်

စပ်လျဉ်းပြီးတော့ သုံးသပ်တင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့တင်ပြချက်ကို Power Point နဲ့ တင်ပြပါမယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကျွန်တော် လွှတ်တော်များဖွဲ့စည်းမှုအပိုင်းကို တင်ပြပါမယ်။ အများသိကြတဲ့အတိုင်းပဲ ကျွန်တော်တို့ လွှတ်တော် သုံးရပ်ဖွဲ့စည်းထားပါတယ်။ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဖြစ်ပါတယ်။ လွှတ်တော်များမှာ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းပါပြီးတော့ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းပါပါတယ်။ ဖွဲ့စည်းမှုအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များက ဥပဒေကြမ်းတွေကို အပြန်အလှန် ဆွေးနွေးဆုံးဖြတ်ကြပါတယ်။ သဘောမတူတဲ့အချက်တွေရှိရင် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကသာလျှင် ဥပဒေများကို ပြဋ္ဌာန်းအတည်ပြုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်တွင်းလုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးဟာ ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲမထားဘဲနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နောက်လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုကလည်းပဲ ဟန်ချက်ညီပါတယ်။ လွှတ်တော်ဥက္ကဋ္ဌများရဲ့ ဦးဆောင်မှု၊ လမ်းညွှန်ထိန်းကျောင်းမှု ထက်မြက်ကျွမ်းကျင်စွာနဲ့ ကျွန်တော်တို့ အစည်းအဝေးတွေကို ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ လက်ရှိ လုပ်နည်းလုပ်ထုံးအတိုင်း ဆောင်ရွက်မယ်ဆိုရင် အနာဂတ်မှာလာတဲ့ စိန်ခေါ်မှုတွေကို ကျွန်တော်တို့သည် ပူးပေါင်းဖြေရှင်းနိုင်စွမ်းရှိပါတယ်ဆိုတာ ရှေးဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော်တို့လွှတ်တော်မှာ ကော်မတီများနှင့် ကော်မရှင်များဖွဲ့စည်းထားမှုကို တင်ပြပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မတီ (၄) ရပ် ဖွဲ့စည်းပါတယ်။ ဥက္ကဋ္ဌကြီးရဲ့လိုအပ်ချက်နဲ့ လွှတ်တော်ရေးရာကိစ္စများ လေ့လာတင်ပြဖို့အတွက် ကော်မတီ ၁၉ ခု ဖွဲ့စည်းထားပါတယ်။ ဒီစုစုပေါင်းကော်မတီ ၂၃ ခုဟာ လွှတ်တော်ကို ကိုယ်စားပြုပြီးတော့ လွှတ်တော်အငယ်လေးများသဖွယ် လုပ်ငန်းတွေကို ဆောင်ရွက်နေကြတဲ့အတွက်ကြောင့် အချိန်တိုအတွင်းမှာ လွှတ်တော်လုပ်ငန်းများကို ထိရောက်အောင်မြင်မှုရှိအောင် ဆောင်ရွက်နိုင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီ့အပြင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ကိုလည်းပဲ ကျွမ်းကျင်ပညာရှင်များနဲ့ ဖွဲ့စည်းပေးထားပြီးတော့ ဒီကော်မရှင်ရဲ့အကြံပြုချက်နဲ့ ကော်မတီအသီးသီးမှာ လွှတ်တော်လုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်လျက်ရှိနေတာကိုလည်းပဲ

တွေ့နေရမှာ ဖြစ်ပါတယ်။ ဒီကော်မတီတွေဟာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့်လည်းပဲ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ လာမယ့်အနာဂတ်မှာ စိန်ခေါ်မှုတွေပိုမိုပေါ်ပေါက်လာတဲ့အခါမှာ အထူးလိုအပ်တာကတော့ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့အခါမှာ ပြည်ထောင်စုအဆင့် အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်များကိုယ်တိုင် ပူးပေါင်းပါဝင်ပြီးတော့ ကော်မတီအစည်းအဝေးတွေ တက်ရောက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးဖို့ အထူးလိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ လွှတ်တော်ရုံးရဲ့ဖွဲ့စည်းမှုကို တင်ပြပါမယ်။ လွှတ်တော်သုံးရပ်အတွက် ရုံးအဖွဲ့ သုံးဖွဲ့သီးခြားစီဖွဲ့စည်းပြီးတော့ ညွှန်ကြားရေးမှူးချုပ် သုံးဦးက ကွပ်ကဲပါတယ်။ လွှတ်တော်ရဲ့ ဖွဲ့စည်းပုံတွေကို တိုးချဲ့ထားပြီးဖြစ်တဲ့အပြင် ကျွန်တော်တို့ ဖွဲစည်းပုံအရ ၁၅၀၀ ပြည်သူ့လွှတ်တော်မှာ ဝန်ထမ်းအင်အား ၁၅၀၀ ရှိသော်လည်းပဲ ယခုလက်ရှိမှာ ၄၆၄ ဦးပဲ ခန့်ထားတဲ့အတွက်ကြောင့် ဝန်ထမ်းအင်အားလိုအပ်နေတယ်ဆိုတာကို သိလာပါတယ်။ ဒါပေမယ့်လို့ ဒီဝန်ထမ်းတွေဟာ ရှိတဲ့အင်အားနဲ့ လွှတ်တော်ဆိုင်ရာအတွေ့အကြုံတွေနည်းသော်လည်းပဲ သုံးနှစ်အတွင်းမှာ ကျွန်တော်တို့ လွှတ်တော်ရဲ့ လုပ်ငန်းတွေကို အောင်မြင်ချောမွေ့အောင် အားထုတ်ဆောင်ရွက်ခဲ့ကြတယ်ဆိုတာကိုလည်းပဲ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ လွှတ်တော်ဝန်ထမ်းတွေ အရည်အချင်းပြည့်အောင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီးတော့ Capacity Building သင်တန်းတွေကိုလည်းပဲ စဉ်ဆက်မပြတ်ဖွင့်လှစ်ပြီးတော့ လေ့ကျင့်ပြုစုပျိုးထောင်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကျွန်တော်တို့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုလို့ပဲပြောပြော၊ လိုအပ်ချက်လို့ပဲပြောပြော လွှတ်တော်ရဲ့ရုံးအဖွဲ့အစည်းဖြည့်ဆည်းဖို့က အရည်အချင်းမှီတဲ့ အရာရှိငယ်တွေ အထူးလိုအပ်လျက်ရှိပါတယ်။ နောက်ကျွန်တော်တို့ အသစ်ခန့်ထားတဲ့ ဝန်ထမ်းငယ်တွေကိုလည်းပဲ On the Job Training လုပ်ငန်းခွင်သင်တန်းတွေပေးဖို့ လိုအပ်ပါတယ်။ နောက်လွှတ်တော်ဖွဲ့စည်းမှု တိုးချဲ့ပြီးတော့ လွှတ်တော်လုပ်ငန်းတွေကို အထောက်အကူပြုနိုင်တဲ့ ဌာနတွေကိုလည်းပဲ တိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်လျက်ရှိကြောင်း ကျွန်တော်တို့ လေ့လာသုံးသပ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရန်အလို့ငှာ လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့အဖွဲ့ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့

နိုင်ငံတကာ အဖွဲ့အစည်းတွေကို တင်ပြရမယ်ဆိုရင် National Defense, National Democratic Institute (NDI), Open Society, German foundation, Westminster Foundation, Hanna Seidel Foundation၊ **(**GIZ**)**နဲ့ UNDP,(IPU) International Parliament Union တို့ကလည်း ကျွန်တော်တို့ လွှတ်တော်ရုံး အဖွဲ့တွေရဲ့ အရည်အချင်း တိုးမြှင့်တဲ့လုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိနေတယ်ဆိုတာကိုလည်းပဲ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်မှာဆောင်ရွက်နေတဲ့ မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများဆောင်ရွက်မှု အခြေအနေကိုလည်းပဲ ကျွန်တော် လေ့လာသုံးသပ်တင်ပြပါမယ်။ လွှတ်တော်မှာ မေးခွန်းမေးဖို့ဟာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခွင့်အရေးနဲ့ တာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ နိုင်ငံတော်မူဝါဒနှင့် စီမံကိန်းအကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေ၊ နိုင်ငံနှင့် နိုင်ငံသားအကျိုးပြုတဲ့ ဆိုင်တဲ့လုပ်ငန်းတွေနှင့် စပ်လျဉ်းပြီးတော့ မေးခွန်းတွေ မေးမြန်းပြီး ပြည်သူများသိအောင် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒီတိုင်းလေးပဲဆောင်ရွက်နေတယ်ဆိုတာကို သိမြင်ကြရမှာ ဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်တွေဟာ ဒီမေးခွန်းများမေးမြန်းတဲ့အခါမှာ ထိမိထက်မြက်တဲ့ အကျိုးဖြစ်နိုင်မယ့်မေးခွန်းတွေကို သတ်မှတ်ချိန်အတွင်းမှာပဲ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းကို ဆောင်ရွက်နေကြပြီဆိုတာကိုလည်းပဲ တွေ့ရှိရမှာ ဖြစ်ပါတယ်။ အနာဂတ်မှာ ကျွန်တော်တို့ အထူးလိုအပ်တာကတော့ မေးခွန်းမေးမြန်းရုံနဲ့မဟုတ်ဘဲနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ နောက်ဆက်တွဲ ဆက်စပ်မေးခွန်းတွေကို မေးမြန်းဖို့ အထူးလိုအပ်ကြောင်း တင်ပြလိုပါတယ်။ ဆက်စပ်မေးခွန်းတွေမေးမြန်းတဲ့အခါကျမှ ကျွန်တော်တို့ကို လာရောက်ဖြေကြားတဲ့ ပြည်ထောင်စုအဖွဲ့ဝင်ပုဂ္ဂိုလ်တွေကလည်းပဲ ဖြေကြားနိုင်ဖို့အတွက် ပိုမိုပြီးတော့ ပြင်ဆင်ပြီးတော့လာရောက်တဲ့အတွက်ကြောင့် လွှတ်တော်မှာ မေးခွန်းကဏ္ဍဟာ ပိုပြီးတော့ အသက်ဝင်လာမယ်။ ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုကိုလည်း ပိုရပြီးတော့ အကျိုးသက်ရောက်မှုရှိမယ်။ ကျွန်တော်တို့ရဲ့ အချိန်တွေအသုံးချရတာလည်းပဲ တန်ဖိုးရှိမယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ အဆိုများကလည်းပဲ ဒီတိုင်းပါပဲ။ အဆိုဟာ မေးခွန်းထက်ပိုပြီးတော့ အဆင့်မြင့်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအဆင့်ရှိတဲ့အဖွဲ့တွေ လုပ်ငန်းတွေဆောင်ရွက်ဖို့အတွက် အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ တင်သွင်းတဲ့အဆိုတွေဟာ ပိုမိုအားကောင်းပြီးတော့ အောင်မြင်မှုရှိဖို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့

လွှတ်တော်မှာ ကျွန်တော်တို့တင်သွင်းတဲ့အဆိုတွေ အောင်မြင်ပါမှ လွှတ်တော်လုပ်ငန်းတွေ အောင်မြင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြုရေးဟာလည်းပဲ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကတာဝန်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့တွေဟာ နိုင်ငံနှင့် နိုင်ငံသားများအကျိုးအတွက် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတွေကို ဆောင်ရွက်ပေးနိုင်မှ ကျွန်တော်တို့ရဲ့ လွှတ်တော်လုပ်ငန်းတွေ အောင်မြင်မှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့လွှတ်တော်မှာ ဒီဥပဒေတွေအောင်မြင်ဖို့အတွက် ဥပဒေကြမ်းကော်မတီ၊ ဥပဒေကော်မရှင်၊ ဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အပြုသဘောဆောင်ပြီးတော့ ဆွေးနွေးညှိနှိုင်းမှုတွေကြောင့် အောင်မြင်မှုတွေ ရရှိနေတယ်ဆိုတာကိုလည်းပဲ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့အထိ ကျွန်တော်တို့ လွှတ်တော်မှာ ဥပဒေသစ် ၆၁ ခု၊ ပြင်ဆင်ပြီးတဲ့ဥပဒေ ၄၁ ခု၊ ရုပ်သိမ်းပြီးတဲ့ဥပဒေ ၁၂ ခု စုစုပေါင်းဥပဒေ ၁၂၀ ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ နောက်ဥပဒေကြမ်းကော်မတီအနေနဲ့ ဆောင်ရွက်ရန်ဥပဒေကြမ်းတွေဟာ ဥပဒေကြမ်းဆောင်ရွက်မှု ၂၇ ခု၊ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ပြီးတော့ အမျိုးသားလွှတ်တော်ကို ပို့ထားတဲ့ဥပဒေကြမ်း ခြောက် ခု၊ အမျိုးသားလွှတ်တော်က ပေးပို့ပြီးတော့ ပြည်သူ့လွှတ်တော်က ဆောင်ရွက်ပြီးတဲ့အပြင် အမျိုးသားလွှတ်တော်ကိုပြန်လည်ပေးပို့ထားတဲ့ ဥပဒေ နှစ် ခုနဲ့ ပြည်ထောင်စုကို ပို့ထားတဲ့ဥပဒေကြမ်း ကိုး ခုရှိကြောင်းလည်းပဲ သိရပါတယ်။ ဒီ့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီးတော့ ဆွေးနွေးချက်အရ ရုပ်သိမ်းရန်ဥပဒေ ကိုး ခု၊ ပြင်ဆင်ရန် ၆၇ ခု၊ လက်ရှိဥပဒေကို ရုပ်သိမ်းပြီးတော့ အသစ်ရေးဆွဲရန် ၄၁ ခုနဲ့ အသစ်လုံးဝရေးဆွဲရန် ၁၉ ခု စုစုပေါင်းဥပဒေ ၁၃၆ ခုကို စာရင်းရရှိပြီးတော့ ဦးစားပေးအရ ဆက်လက်ဆောင်ရွက်လျက် ရှိတယ်ဆိုတာကိုလည်းပဲ ကျွန်တော် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ဟာ ပြည်သူကိုကိုယ်စားပြုတဲ့လွှတ်တော် ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ ကျွန်တော်တို့တွေဟာ ကျွန်တော်တို့လွှတ်တော်မှာ ပြည်သူအများလိုလားသော၊ ပြည်သူအများကို ကာကွယ်ပေးသော ပြည်သူအများကြိုဆိုတဲ့ဥပဒေတွေကို ကျွန်တော်တို့လွှတ်တော်က အလေးထားပြီးတော့ ပြဋ္ဌာန်းပေးမှုဟာ ကျွန်တော်တို့ရဲ့ အထူးစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မဏ္ဍိုင်ကြီး (၃)ရပ် အပြန်အလှန်ထိန်းကျောင်းမှုကို ကျွန်တော်လေ့လာသုံးသပ်တင်ပြပါ့မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ငန်းတာဝန်တွေကို ဒီမဏ္ဍိုင်ကြီး (၃)ရပ်ဟာ တတ်နိုင်သမျှပိုင်းခြားထားပြီးတော့ အချင်းချင်းအပြန်အလှန် ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကို ကိုယ်စားပြုတဲ့ ကော်မတီတွေကလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပြီးတော့ လုပ်ငန်းအလိုက် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ စောင့်ကြည့်ထိန်းညှိခြင်းဖြင့် အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်လျက်လည်းရှိပါတယ်။ ဒီ့အပြင် တရားစီရင်ရေးကဏ္ဍမှာလည်းပဲ တရားရေးမဏ္ဍိုင်တည့်မတ်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်ကော်မတီများနဲ့ တရားစီရင်ရေးအဖွဲ့များ အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်းပဲ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့တွေ ဒီမဏ္ဍိုင်ကြီး (၃)ရပ် အကြားဆက်သွယ်မှုပီပြင်စွာဖြစ်ပေါ်ပြီး နားလည်မှု၊ ယုံကြည်လေးစားမှုထားပြီး အဆင့်တူ၊ တန်းတူရည်တူ ဆက်ဆံဆောင်ရွက်မှသာလျှင် ကျွန်တော်တို့ ဆောင်ရွက်တဲ့လုပ်ငန်းတွေဟာ အဆင်ပြေချောမွေ့မှာ ဖြစ်ကြောင်းကိုလည်းပဲ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ အနာဂတ်မှာဖြစ်ပေါ်လာမယ့် စိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့အခါမှာ ဒီမဏ္ဍိုင်ကြီး(၃)ရပ်ဟာ ပူးပေါင်းပြီးတော့ နည်းဗျူဟာတွေချမှတ်ပြီးတော့ ဆောင်ရွက်ကြဖို့အလွန်ပဲ လိုအပ်တယ်ဆိုတာကိုလည်းပဲ ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော်တို့လိုတဲ့ ဆောင်ရွက်ချက်များ ပိုမိုပွင့်လင်းမြင်သာစေရန် ဆောင်ရွက်ထားမှုတွေကိုလည်း သုံးသပ်တင်ပြလိုပါတယ်။ လွှတ်တော်အတွင်းမှာ ကျွန်တော်တို့နေ့စဉ် အစည်းအဝေးဆောင်ရွက်နေမှုတွေကို MRTV၊ Skynet အသံလွှင့်အစီအစဉ်တွေက နေ့စဉ်တင်ပြနေတာဖြစ်ပါတယ်။ ပြည်သူများ ကြားသိတွေ့မြင်နေရပါတယ်။ နောက် ကျွန်တော်တို့ကော်မတီအသီးသီးလွှတ်တော်များကလည်း Website/E-newsletters တွေထုတ်လွှင့်ပြီးတော့ ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ပေးဖို့လည်း စီစဉ်ဆောင်ရွက်နေတယ်။ ဒီ့အပြင် ကျွန်တော်တို့အစိုးရသတင်းစာများကလည်းပဲ လွှတ်တော်မှာ သတင်းတွေ ထုတ်ပြန်ပေးနေတယ်။ ဒါပေမယ့်လို့ သီးသန့် ကျွန်တော်တို့ရဲ့လွှတ်တော်စာမျက်နှာကို သီးခြားထုတ်လွှင့်ပြီးတော့ လွှတ်တော်သတင်းတွေကို အခုထက်ပိုမိုပြည့်စုံအောင် နေ့ချင်းဖော်ပြပေးဖို့လည်း လိုအပ်လျက်ရှိတယ်ဆိုတာကိုလည်းပဲတင်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သတင်းမီဒီယာများဟာ အရေးကြီးပါတယ်။ ကျွန်တော်တို့ရဲ့လွှတ်တော်ဟာ သတင်းမီဒီယာများကို လွှတ်တော်အတွင်းမှာ လွတ်လပ်စွာသတင်းယူခွင့်နှင့် တွေ့ဆုံမေးမြန်းခွင့်ကို ပေးထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့လွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင်က သတင်းစာရှင်းလင်းပွဲတွေ

ပြုလုပ်ပေးပြီးတော့ သတင်းတွေရှင်းလင်းထုတ်ပြန်ပေးနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လွှတ်တော်နဲ့ သတင်းမီဒီယာတွေရဲ့ဆက်သွယ်မှုဟာ အားကောင်းပါတယ်။ လိုအပ်လို့ရှိရင် လွှတ်တော်သတင်းထုတ်ပြန်ရေးဖွဲ့ပြီးတော့ သတင်းမီဒီယာတွေထံ သတင်းထုတ်ပြန်ဖို့လည်းပဲ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အပြင် ပြည်သူတွေရဲ့သဘောထား၊ အကြံပြုချက်တွေ ပိုမိုရရှိဖို့လည်းပဲ ICT နည်းပညာနဲ့ ဆောင်ရွက်ဖို့လည်း စီစဉ်နေတယ်ဆိုတာကို တင်ပြလိုပါတယ်။ ဒီနေရာမှာ သတင်းမီဒီယာနှင့် ကျွန်တော်တို့ပြည်သူ့လွှတ်တော်ရဲ့ ဆက်သွယ်မှုအနေနဲ့ အရေးကြီးတဲ့အချက်ကတော့ သတင်းမီဒီယာတွေဟာ သတင်းထုတ်ပြန်တဲ့အခါမှာ ကျွန်တော်တို့လွှတ်တော်ရဲ့ဂုဏ်သိက္ခာ၊ လွှတ်တော်ရဲ့ပုံရိပ်ကို ထိခိုက်စေတဲ့အချက်တွေကို ရှောင်ရှားပြီးတော့ ပွင့်လင်းမြင်သာစွာ တစ်ပြေးညီထုတ်ပေး ဖို့လိုအပ်တယ်ဆိုတာကိုလည်းပဲ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်မှုကိုလည်းပဲ တင်ပြပါ့မယ်။ ကျွန်တော်တို့ရဲ့လွှတ်တော်ဥက္ကဋ္ဌများဟာ နိုင်ငံတကာလွှတ်တော်တွေကို ချစ်ကြည်ရေးနှင့်လေ့လာရေးခရီးသွားရောက်ပြီး လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိုလည်းပဲ ဆွေးနွေးဆောင်ရွက်လျက်ရှိတယ်ဆိုတာ တင်ပြလိုပါတယ်။ ဒီနေ့အထိ ၄ နှစ်တာကာလအတွင်းမှာ နိုင်ငံတကာခရီးစဉ် ၂၆ ခုသွားရောက်ပြီးဖြစ်သလို ကျန်အစည်းအဝေး ၁၆ ကြိမ်ကိုလည်းပဲ ကျွန်တော်တို့ရဲ့ဥက္ကဋ္ဌများတက်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ တက်ရောက်တဲ့ခရီးစဉ်တိုင်းမှာ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးပြီးတော့ လွှတ်တော်မှာလည်းပဲ ခရီးစဉ်ကြီးပြန်လာတိုင်း နီးစပ်ရာလွှတ်တော်ကိုလည်းပဲ သတင်းထည့်ခဲ့ပြီးတင်ပြပြီးတော့ လွှတ်တော်ကို အသိပေးနေတာတွေ ဖြစ်ပါတယ်။ ဒီ့အပြင် လွှတ်တော်ကိုယ်စားလှယ် ၁၉၈ ဦးကိုလည်းပဲ နိုင်ငံတကာမှာ လေ့လာရေးသင်တန်းဆွေးနွေးပွဲတွေတက်ရောက်ဖို့ စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆောင်ရွက်တဲ့အတွက်ကြောင့် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်အမျိုးမျိုးရဲ့ လွှတ်တော်ဆိုင်ရာလုပ်ငန်းတွေ၊ ဆောင်ရွက်နေတဲ့နည်းလမ်းတွေ လေ့လာခွင့်ရရှိပါတယ်။ လွှတ်တော်အတွေ့အကြုံတွေဖလှယ်နိုင်ပါတယ်။ နိုင်ငံအတွေ့အကြုံတွေ ရရှိတာ။ ဒါ့ကြောင့်အတွက် နိုင်ငံတကာမှာ ကျွန်တော်တို့လွှတ်တော်ရဲ့ဂုဏ်သိက္ခာနှင့်ပုံရိပ်ဟာ သတင်းကောင်းရရှိလျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ဟာ နိုင်ငံတကာလွှတ်တော်အဖွဲ့အစည်းများနှင့်လည်းပဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဖွဲ့အစည်းရဲ့အဖွဲ့ဝင်နိုင်ငံအဖြစ်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာ ကျွန်တော်တို့ဟာ IPU ခေါ်တဲ့

International Parliament Union၊ AIPA လို့ခေါ်တဲ့ ASEAN Inter Parliamentary Assembly ASEPP လို့ခေါ်တဲ့ ASEAN EUROPE Parliament Partnership အဖွဲ့တွေမှာလည်းပဲ အဖွဲ့ဝင်အဖြစ် တက်ကြွစွာဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ IPU, AIPA ဆိုင်ရာပူးပေါင်း ကော်မတီများဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိတယ်ဆိုတာလည်း ကျွန်တော့်အနေနဲ့တင်ပြလိုပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်တင်ပြချက်တွေအပေါ် မှီပြီးတော့ အနာဂတ်အစီ အမံနှင့်နည်းလမ်းတွေ ဘယ်လိုဆောင်ရွက်မယ်ဆိုတာ ကျွန်တော့်အနေနဲ့ စုစည်းတင်ပြရမယ်ဆိုရင် ကျွန်တော်တို့လွှတ်တော်တွေဟာ ကြုံတွေ့လာမယ့်စိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့အခါမှာ ပါတီစုံ ဒီမိုကရေစီကျင့်စဉ်နှင့်လျော်ညီစွာ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲများမထားဘဲနိုင်ငံ အကျိုး၊ ပြည်သူအကျိုးရှေးရှုပြီးတော့ ပိုမိုထိရောက်စွာဆောင်ရွက်နေတာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တွေအားလုံးဟာ ပွင့်လင်းမြင်သာစွာ ပူးပေါင်းညှိနှိုင်းကြပြီးတော့ အားကောင်းထိ ရောက်တဲ့ ဥပဒေပြုရေးကိုလည်း ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မဏ္ဍိုင်(၃)ရပ် အကြား အပြန်အလှန်ယုံကြည်လေးစားမှုကို ကျွန်တော်တို့တည်ဆောက်ပြီးတော့ အပြန်အလှန် ထိန်းကျောင်းညှိနှိုင်းဆောင်ရွက်မှုတွေကို လက်ရှိအခြေအနေထက်တိုးမြှင့် ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ဒီမဏ္ဍိုင်ကြီး(၃)ရပ်အကြားဆက်သွယ်ဆက်ဆံမှုကို ယခုထက်ပိုမိုချောမွေ့စွာ ဆောင်ရွက် နိုင်မယ့်နည်းလမ်းတွေကို ဖော်ဆောင်ပေးပြီးတော့ ဖြစ်ပေါ်လာမယ့်စိန်ခေါ်မှုတွေကို ကျွန်တော်တို့ ရင်ဆိုင်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ဘက်ကအနေနဲ့ကြည့်ရင် ကျွန်တော်တို့လွှတ်တော်ရုံးအဖွဲ့၊ ဝန်ထမ်းဖွဲ့စည်းမှုကို ပြန်လည်သုံးသပ်ပြီးတော့ လိုအပ်တဲ့ဝန်ထမ်းများကို ဖြည့်ဆည်းပေးရမှာဖြစ်ပါ တယ်။ Capacity building, on the job training သင်တန်းတွေကိုလည်းပဲ ဆက်လက်ဖွင့်လှစ် လေ့ကျင့်ပေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ရဲ့လုပ်ငန်းတွေပွင့်လင်းမြင်သာမှုရှိစေဖို့ ICT ကို အခြေခံတဲ့ လူထုဆက်ဆံရေးနည်းစနစ်များဖြင့် ဆောင်ရွက်ရန် လွှတ်တော်နှင့်သတင်းမီဒီယာများ၊ လူမှု အဖွဲ့အစည်းများ၊ စီးပွားရေးအဆက်အသွယ်များ၊ စီးပွားရေးအဖွဲ့များ ဆက်သွယ်မှု တိုးမြှင့်ဆောင်ရွက် ဖို့ လိုပါမယ်။ ဒီအတွက်လည်း ကျွန်တော်တို့ ဆောင်ရွက်ပါ့မယ်။ Website/e-newsletters များဖြင့် လည်း လွှတ်တော်သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေး ဖို့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာ ကျွန်တော်တို့ လွှတ်တော်ရဲ့ဂုဏ်သိက္ခာနှင့်ပုံရိပ်

ကောင်းဖို့အတွက် နိုင်ငံတကာလွှတ်တော်များ၊ လွှတ်တော်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်ဆံမှုကို တိုးမြှင့်ဆောင်ရွက်မှာလည်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ လွှတ်တော်နဲ့တိုင်းဒေသကြီး အသီးသီးမှာရှိတဲ့ လွှတ်တော်များနှင့်လည်းပဲ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ဒီအတွက် ကျွန်တော်တို့ Myanmar Parliament Union ကိုဖွဲ့စည်းထားပြီး ဖြစ်တဲ့အတွက်ကြောင့် ဒီ MPU ရဲ့လုပ်ငန်းတွေကို ပိုမိုတိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့ ပြည်တွင်းက လွှတ်တော်တွေအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ အလေးထားပြီးတော့ ကျွန်တော် နောက်ဆုံး တင်ပြချင်တာကတော့ အနာဂတ်မှာ လွှတ်တော်ဖွံ့ဖြိုးရေးဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်အတွင်း ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများပေါ်ပေါက်လာပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်တွေအားလုံး အချင်းချင်းညီညွတ်စွာညှိနှိုင်းကြပြီး နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို ဦးစားပေးပြီး ဆုံးဖြတ်ဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။ အရေးအကြီးဆုံးအချက်ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်အနေနဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် အပြန်အလှန် ယုံကြည်လေးစားမှုတည်ဆောက်ပြီး တိုးတက်မှုကို ဆုတ်ယုတ်စေမယ့် အားပြိုင်မှုတွေကို ရှောင်ရှားကာ နိုင်ငံတော်ဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာ ပေါ်ပေါက်လာမယ့်စိန်ခေါ်မှုများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်းနဲ့ ကျွန်တော့်ရဲ့သုံးသပ်ချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီက တင်ပြသွားတဲ့အခြေခံအကြောင်းရင်းက ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း မေးတဲ့မေးခွန်းအပေါ်မူတည်ပြီးတော့ တကယ် တမ်းပြန်လည်ဖြေကြားရမှာက ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်တို့က ပြန်လည်ဖြေကြားရမှာဖြစ်သော်လည်း အဲ့ဒီနေ့ကဖြေကြားသွားတာက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တစ်ဦးဖြစ်တဲ့ ဒုတိယဝန်ကြီးတစ်ဦးက အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်ပတ်သက်ပြီးတော့ တချို့ တရားစီရင်ရေးမဏ္ဍိုင်နဲ့ပတ်သက်ပြီးတော့ ကိစ္စအနည်းငယ်လောက်လေးသာ ရှင်းလင်းဆွေးနွေးသွားခဲ့ပါတယ်။ မေးတဲ့မေးခွန်းက အင်မတန်မှကောင်းပြီးတော့ အနာဂတ်မြန်မာနိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားဖြစ်ပေါ်ဖို့အတွက် ရည်ရွယ်ပြီးမေးတဲ့မေးခွန်းဖြစ်တဲ့အတွက် ဒီမေးခွန်းကို ဥပဒေပြုရေးမဏ္ဍိုင်ကော၊ တရားရေးမဏ္ဍိုင်ကော ပြန်လည်ဖြေကြားဖို့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒီလိုစီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

ထိုနည်းတူစွာပဲ မေးမြန်းလာတဲ့တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဟာလည်း ဥပဒေပြုရေးမဏ္ဍိုင်မှာ ၂၅ ရာခိုင်နှုန်းသောနေရာက တာဝန်ယူထားတဲ့အတွက် အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့ကလည်း မိမိတို့ လွှတ်တော်အပေါ် သုံးသပ်အကြံပြုနိုင်အောင် ခေါင်းစဉ်များချမှတ်ပြီးဆောင်ရွက်သလို လွှတ်တော် အခွင့်အရေးကော်မတီကိုလည်း ထပ်မံပြီးတော့ ခေါင်းစဉ်များချပြီးတော့ သတ်မှတ်ဆောင်ရွက်ပေးခဲ့ ပါတယ်။ ဒီအခါမှာ တပ်မတော်သားကိုယ်စားလှယ် အစုအဖွဲ့က ဦးစွာ အကြံပြုသုံးသပ်ချက်များ တင်ပြနိုင်ခဲ့ပါတယ်။ နောက်ရက်မှာမှ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်တို့က စာများ ရောက်ရှိခဲ့ပါတယ်။ ဒီပေါ်မူတည်ပြီးတော့ တပ်မတော်သားကိုယ်စားလှယ်များရဲ့ သုံးသပ်တင်ပြ ချက်ဟာ ကျွန်တော်လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ အားရကျေနပ်မှုမရှိတဲ့အတွက် ဒီဟာကို လွှတ်တော်ကိုယ်စားလှယ်များသာမက နိုင်ငံသူနိုင်ငံသားများပါ သိနိုင်ဖို့အတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကို ပြန်ပြီးတာဝန်ပေးပါတယ်။ ဒီဟာကို လွှတ်တော်မှာ ထပ်မံတင်ပြဖို့ တာဝန်ပေးပါတယ်။ တာဝန်ပေးတာနှင့်အညီ တပ်မတော်သားကိုယ်စားလှယ်များက နောက်ရက်မှာ လွှတ်တော်မှာ ပြန်လည်တင်ပြခဲ့တာရှိပါတယ်။ ဒီပေါ်မူတည်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကောင်းသောအကြံပြုတင်ပြချက်များ ဖြစ်တယ်။ ဒါကြောင့်မို့လို့ လွှတ်တော်တွင်သာမက ပြည်သူများ ပါသိနိုင်အောင် ဖြစ်နိုင်တဲ့ဘက်က ရေဒီယို၊ ရုပ်မြင်သံကြား၊ နောက်ဆုံး သတင်းစာများမှာ ထည့်သွင်း ဖော်ပြဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ့အချိန်မှာ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း နောက်ရက်မှာ လွှတ်တော်ဥက္ကဋ္ဌကို တင်ပြပါတယ်။ တပ်မတော်သားကိုယ်စားလှယ်များရဲ့ ဆွေးနွေးအကြံပြုသုံးသပ် ချက်များ ကောင်းမွန်ပါတယ်။ ကြိုဆိုရမှာဖြစ်ပါတယ်။ ဒီလိုလွှတ်တော်အပေါ်မှာ စိတ်ဝင်စားနေ ကြောင်း၊ လွှတ်တော်အနေနဲ့ရော၊ တိုင်းပြည်အနေနဲ့ရောသိတဲ့အတွက် တိုင်းပြည်အနေနဲ့လည်း ဝမ်းသာမှာပါ။ သို့ရာတွင် တချို့ကိစ္စရပ်များဟာ တပ်မတော်သား ကိုယ်စားလှယ်များရဲ့အမြင်က မှန်ကောင်းမှန်နိုင်ပေမယ့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ကိစ္စကတော့ တချို့ကိစ္စများကို လွှတ်တော်ကတစ်ဆင့် ဥက္ကဋ္ဌကြီးကို ပြန်လည်တင်ပြရှင်းလင်းချင်ပါတယ်ဆိုတဲ့အတွက် လွှတ်တော် ဥက္ကဋ္ဌအနေနဲ့ ခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့အစီအစဉ်မှာ ဆက်လက်ပြီးတော့ တပ်မတော်သား ကိုယ်စားလှယ်များက ၂၂-၁၀-၂၀၁၄ရက်နေ့တွင် တင်ပြခဲ့တဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်သည့်အချက်များနှင့်စပ်လျဉ်း၍ အကြံပြုသုံးသပ်

ချက်များတွင် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်သောအချက်များအား ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

## တပ်မတော်သားကိုယ်စားလှယ်များ၏ ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် တင်ပြခဲ့သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်သည့် အချက်များနှင့်စပ်လျဉ်း၍ အကြံပြုသုံးသပ်ချက်အပေါ် ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြခြင်း

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအပေါ် အကြံပြုသုံးသပ်ချက်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကို ပြန်လည်ရှင်းလင်းတင်ပြချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ကျွန်တော်က ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၀-၉-၂၀၁၄ ရက်နေ့တွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းက မေးမြန်းခဲ့သည့် မေးခွန်းအပေါ် ဖြေကြားချက်နှင့်စပ်လျဉ်း၍ ဥပဒေပြုမဏ္ဍိုင်ဖြစ်သော လွှတ်တော်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဟန်ချက်ညီ အနာဂတ်အစီအမံများနှင့် ကြုံတွေ့ရမည့်စိန်ခေါ်မှု အခက်အခဲများကိုကျော်လွှားနိုင်ရေး လွှတ်တော်သို့အကြံပြုသုံးသပ်ချက်များတင်ပြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့၏ အကြံပြုသုံးသပ်ချက်များကို ဗိုလ်မှူးချုပ်တင့်ဆန်းက ပြန်လည်တင်ပြခဲ့ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ရဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်သည့်အချက်များနှင့်စပ်လျဉ်းပြီး အကြံပြုသုံးသပ်ချက်များဟာ အများအားဖြင့် အပြုသဘောဆောင်တဲ့ တင်ပြချက်များဖြစ်သော်လည်း တချို့အချက်တွေကတော့ ဥပဒေပြုရေးမဏ္ဍိုင်မှာ ပါဝင်တာဝန်ယူဆောင်ရွက်နေရတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ဆောင်ရွက်ချက်များအပေါ် အများပြည်သူက ထင်ယောင်ထင်မှားဖြစ်လာနိုင်တဲ့အတွက် ဥပဒေပြုခြင်းအပေါ် ယခုကဲ့သို့ ပြန်လည်ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စား

လှယ်အစုအဖွဲ့ရဲ့ အကြံပြုသုံးသပ်ချက်များ အပိုဒ် ၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) ကော်မတီများ ဖွဲ့စည်းမှုခေါင်းစဉ်အောက်တွင် ဥပဒေကြမ်းကော်မတီနှင့်ပတ်သက်သော အကြံပြုသုံးသပ်ချက်များ နှင့် အပိုဒ် (၃) အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၃) ဥပဒေကြမ်းဆွေးနွေးခြင်း ခေါင်းစဉ်အောက်တွင် ဥပဒေကြမ်းကော်မတီနှင့်ပတ်သက်သော အကြံပြုသုံးသပ်ချက်များကို လွှတ်တော်၏အချိန်အရ ဖတ်ကြားခြင်းမပြုတော့ဘဲ လွှတ်တော်သို့ဖြန့်ဝေထားတဲ့ ဥပဒေကြမ်းကော်မတီ၏ ရှင်းလင်းတင်ပြချက် စာမျက်နှာ ၁၊ စာမျက်နှာ ၂၊ စာမျက်နှာ ၃ တို့မှာ ဖတ်ရှုနိုင်ပါကြောင်းကိုလည်းပဲ လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၀၀၈) အခန်း (၄)၊ ဥပဒေပြုရေးအခန်း ပုဒ်မ ၇၄ အရ ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းခြင်းတွင် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား ပြည်သူ့လွှတ်တော်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်နေသည့်အတွက် ဥပဒေပြုရေး မဏ္ဍိုင်အောင်မြင်ရေးသည် ရွေးကောက်တင်မြှောက်ခြင်းခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံးတွင် တာဝန်ရှိကြပါတယ်။ဥပဒေပြုရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)မှာ ပုဒ်မ ၈၀ ပုဒ်မခွဲ (ဂ) နှင့်(ဃ)၊ ပုဒ်မ ၁၀၀ ပုဒ်မခွဲ(က)နှင့်(ခ)၊ ပုဒ်မ ၁၀၁၊ ပုဒ်မ ၁၀၂၊ ပုဒ်မ ၁၀၅ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ)၊ ပုဒ်မ ၁၀၆ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ)၊ ပုဒ်မ ၁၀၇၊ ပုဒ်မ ၁၂၇ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၃၆၊ ပုဒ်မ ၁၃၈ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ)၊ ပုဒ်မ ၁၃၉ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ)၊ ပုဒ်မ ၁၅၆၊ ပုဒ်မ ၁၅၈ ပုဒ်မခွဲ(က)၊ (ခ) နှင့်(ဂ)၊ ပုဒ်မ ၁၅၉ ပုဒ်မခွဲ(က)၊ (ခ) နှင့်(ဂ) တို့နှင့်အညီ ဥပဒေကြမ်းများကို စိစစ်အတည်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းလည်းပဲ တင်ပြအပ်ပါတယ်။ဥပဒေကြမ်းကော်မတီဟာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ တင်သွင်းပေးပို့လာတဲ့ ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ ပထမဦးစွာ စိစစ်ကြရပါတယ်။ ဒီအခြေခံမူများကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်များထံ (က)မှ (ဌ)အထိ အချက် ၁၂ ကို ကျွန်တော်တို့ရဲ့ ဖြန့်ဝေစာမှာ တင်ပြထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ဥပဒေကြမ်းများ အသစ်ပြဌာန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းခြင်းမှာ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်အထိ အသစ်ပြဌာန်းတဲ့ ဥပဒေပေါင်း လေးခု၊ ပြင်ဆင်ခြင်း ကိုးခု၊ ရုပ်သိမ်းခြင်းနှစ်ခု စုစုပေါင်း ၁၅ ခု၊ ၂၀၁၂ ခုနှစ်မှာ အသစ်ပြဌာန်းတဲ့ဥပဒေ ၂၀ ခု၊ ပြင်ဆင်

ခြင်းတစ်ခုနဲ့ ရုပ်သိမ်းခြင်းဥပဒေ သုံးခု စုစုပေါင်း ၂၄ ခု၊ ၂၀၁၃ ခုနှစ်မှာ အသစ်ပြဋ္ဌာန်းတဲ့ဥပဒေ ၁၇ ခု၊ ပြင်ဆင်ခြင်း ၁၆ ခု၊ ရုပ်သိမ်းခြင်းလေးခုနဲ့ ဥပဒေစုစုပေါင်း ၃၇ ခု၊ ၂၀၁၄ ခုနှစ်မှာ အသစ်ပြဋ္ဌာန်းတဲ့ ဥပဒေပေါင်း ၂၀ ခု၊ ပြင်ဆင်ခြင်း ၂၂ ခု၊ ရုပ်သိမ်းခြင်း နှစ်ခုနဲ့ စုစုပေါင်း ၄၄ ခု စုစုပေါင်း ယနေ့ အချိန်အထိ အသစ်ပြဋ္ဌာန်းတဲ့ဥပဒေပေါင်း ၆၁ ခု၊ ပြင်ဆင်ခြင်း ၄၈ ခု၊ ရုပ်သိမ်းတဲ့ဥပဒေ ၁၁ ခုနဲ့ စုစုပေါင်းဥပဒေ ၁၂၀ ဖြစ်ပါတယ်။ အစည်းအဝေးစတင်ကျင်းပတဲ့နေ့မှ ယနေ့အချိန်အထိ အသစ်အတည်ပြုပြဋ္ဌာန်းခြင်းဥပဒေ ၆၁ ခု၊ ပြင်ဆင်ခြင်းဥပဒေ ၄၈ ခုနှင့် ရုပ်သိမ်းခြင်းဥပဒေ ၁၁ ခု စုစုပေါင်း ဥပဒေ ၁၂၀ ခု ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရခြင်းအားဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ဥပဒေပြုရေးမဏ္ဍိုင်၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ကြိုးစားအားထုတ်မှု၊ ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှု၊ သက်ဆိုင်ရာ ဥပဒေကော်မရှင်အဖွဲ့များ၏ အကြံပေးနိုင်မှုနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံးတို့၏ အပြုသဘောဆောင် ဆွေးနွေးခြင်းတို့ကြောင့် အောင်မြင်မှုရရှိကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အစီအစဉ်လျာထားချက်မှာ ဆောင်ရွက်ရန်လျာထားတဲ့ ဥပဒေကြမ်းများရဲ့ အခြေအနေများကတော့ ပြည်သူ့လွှတ်တော် အစည်းအဝေးအစီအစဉ်မှာ ဆောင်ရွက်ရန်၊ ဆောင်ရွက်ဆဲ လျာထားချက် ဥပဒေကြမ်း ၂၅ ခုကို လွှတ်တော်တွင် ဖြန့်ဝေထားတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ရှင်းလင်းချက် စာမျက်နှာ ၆ နှင့် ၇ တို့မှာ အသေးစိတ်ဖော်ပြထားပါတယ်။ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး၍ အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်း ခြောက် ခု၊ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေး၍ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ထားသည့်ဥပဒေကြမ်း သုံးခု၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး၍ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်း သုံးခုတို့ကို ကော်မတီ၏ရှင်းလင်းတင်ပြချက် စာမျက်နှာ ၈ တို့တွင်လည်းကောင်း ဖတ်ရှုနိုင်ပါကြောင်းကိုလည်းပဲ လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဟာ လူ၊ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား အထောက်အကူပြုသည့် ပုံသဏ္ဍာန်မျိုးမဖြစ်ပေါ်စေရန် စနစ်တကျ အချိန်ယူစိစစ်ပြီးမှသာ အစီရင်ခံသင့်ကြောင်း၊ ဥပမာ- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုပြီး တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ရဲ့ အကြံပြုသုံးသပ်ချက်နှင့်ပတ်သက်ပြီး အဆိုပါ ဥပဒေနှစ်ခုစလုံးကို ဥပဒေနှင့်အညီအဆင့်ဆင့်

ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ကော်မတီရဲ့ အစီရင်ခံစာဟာ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆွေးနွေးသွားရန် အထောက်အကူပြုတဲ့ ပုံသဏ္ဌာန်မျိုး ဖြစ်ပေါ်ခဲ့ပါကြောင်းကိုလည်းပဲ ရှင်းလင်းတင်ပြအပ်ပါတယ်။ ဥပဒေတစ်ခုကို ပြဋ္ဌာန်းနိုင်ရန်အတွက် အများပြည်သူလေ့လာနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာပြီး ပြည်သူ့လွှတ်တော်၊ ပြည်သူလူထုထံမှအကြံပြု ချက်များ၊ သက်ဆိုင်ရာပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များထံမှ အကြံပြုချက်များရရှိနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်လည်း ဆောင်ရွက်ခဲ့ပါတယ်။ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာနှင့်ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြလိုသည်မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ နည်းဥပဒေခွဲ(ဂ) အရ လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြား ညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့ရက်မှစ၍ ရုံးပိတ်ရက်မပါ ၇ ရက်အတွင်း ကော်မတီ၏အစီရင်ခံစာကို ဥက္ကဋ္ဌထံကို တင်ပြရပါတယ်။ ဥပဒေကြမ်းကော်မတီဟာ ဥပဒေကြမ်းတစ်ခုကိုစိစစ်ရာမှာ အဖွဲ့သုံးဖွဲ့ခွဲ၍ နည်းဥပဒေ ၅၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပဏာမစိစစ်ပြီး အဖွဲ့လိုက်စိစစ်သုံးသပ်ချက်များကို ကော်မတီဝင်များနှင့် ဥပဒေရေးရာနှင့်အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များပါဝင်သည့် ကော်မတီအတွင်း အစည်းအဝေး၌ ဆက်လက်တင်ပြကြရပါတယ်။ ဒီလိုတင်ပြ ချက်များအပေါ် ဥပဒေကြမ်းကော်မတီဝင် များနှင့် ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားသော သက်ဆိုင်ရာကော်မတီဝင်များ၊ ကော်မရှင်အဖွဲ့ဝင် များက ဥပဒေကြမ်းကို တစ်ပိုဒ်ချင်း အသေးစိတ် ထပ်မံစိစစ်ကြရပါတယ်။ ဒီလို ကော်မတီရဲ့စိစစ် ညှိနှိုင်းတဲ့ အစည်းအဝေးများမှာ ကော်မတီမှာ ပါဝင်ဖွဲ့စည်းထားတဲ့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များဟာ လေ့လာသူအဆင့်လောက်တင်မဟုတ်ဘဲ ကော်မတီဝင်ကဲ့သို့ ပါဝင်ဆွေးနွေး ခွင့်ရှိပြီးလည်း ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများနှင့်ပတ်သက်၍ ပြည်သူလူထုထံမှ အကြံပြုချက် စာများ၊ အဖွဲ့အစည်းအလိုက် အကြံပြုချက်စာများနှင့် ယင်းဥပဒေကြမ်းအပေါ် စိတ်ပါဝင်စားသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းများအပေါ် ဥပဒေကြမ်းကော်မတီ၏ မှတ်တမ်းများမှာ လေ့လာ တွေ့ရှိနိုင်ပါတယ်ခင်ဗျာ။ဖော်ပြပါ ဥပဒေကြမ်းကော်မတီရဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်မှာ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ရဲ့ အကြံပြုသုံးသပ်ချက်များကို တင်ပြလာလျှင် လက်ခံ ဆောင်ရွက်သွားရမည် ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့

တင်ပြချက်များကိုလည်းပဲ တွေ့ရှိရပါတယ်။ ဥပဒေကြမ်းကော်မတီဟာ အထက်ဖော်ပြပါအတိုင်း လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်၍ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီး ယင်းဥပဒေကြမ်းကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆွေးနွေးနိုင်ရန် ဆောင်ရွက်ပြီးနောက် ပြင်ဆင်ချက်အဆိုတင်သွင်းလာသော လွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပြုချက်နှင့် သုံးသပ်ချက်များပေးပို့လာသော ပြင်ပပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကြိမ်ကြိမ်ထပ်မံတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ နှင့်အညီ ဆက်လက်ဆောင်ရွက်ရပါတယ်။ သီးသန့်တင်ပြလိုသည့် မိမိတို့ရဲ့ ဥပဒေကြမ်းကော်မတီ၏ လက်တွေ့ဆောင်ရွက်ရာမှာတွေ့ကြုံရတဲ့ အခက်အခဲများကတော့ တချို့သောကိစ္စများမှာ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့ရဲ့ ပြင်ဆင်တင်ပြလိုသော ဆွေးနွေးချက်များကို သတ်မှတ်ကာလအတွင်း အချိန်မီတင်ပြဆွေးနွေးနိုင်မှု မရှိခြင်း၊ ဆွေးနွေးလိုသောအကြောင်းအရာကို တိကျစွာ ဖော်ပြဆွေးနွေးမှုမရှိခြင်း၊ ဥပဒေကို တာဝန်ခံဆောင်ရွက်ရမည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ယူအဆုံးအဖြတ်ပေးနိုင်သော ပုဂ္ဂိုလ်များက ပါဝင်ဆွေးနွေးမှုအားနည်းခြင်းကြောင့် ဝန်ကြီးဌာနများ၏ သဘောထားရပ်တည်ချက် အမျိုးမျိုးပြောင်းလဲခြင်းတို့ကို တွေ့ကြုံနေရပါတယ်။ ဥပဒေကြမ်းများရေးဆွဲရာတွင် ခိုင်မာသော ဥပဒေတစ်ရပ်ဖြစ်ပေါ်လာစေရန်အတွက် ဥပဒေပါ အကြောင်းအရာများနှင့်ပတ်သက်၍ ပြည်သူလူထု၏ အကြံဉာဏ်များကိုရယူခြင်း၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ၏ အကြံပြုချက်များကို လက်ခံစဉ်းစားခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းတချို့၏ အကြံပြုချက်များကို ရယူခြင်းတို့အပြင် ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ဥပမာ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီဟာ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုနိုင်ရေးအတွက် UNDP မှ ဌာနေကိုယ်စားလှယ်ဦးဆောင်သော ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ဥရောပသမဂ္ဂအဖွဲ့၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID)၊ သြစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AUSAID)၊ ဗြိတိသျှနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (UKAID) တို့မှ ကိုယ်စားလှယ် ၁၁ ဦး ပါဝင်

သော Working Partners အဖွဲ့၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်း (၂၀) တို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတို့နှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများမှ လက်ခံနိုင်ပြီး မိမိနိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေမှုဖြစ်နိုင်မည့် ဥပဒေကောင်းတစ်ရပ်ဖြစ်နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ အလားတူပင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေတို့အား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် UNODC အဖွဲ့၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ အနီးကပ်ကြီးကြပ်မှုနှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတကာကွန်ပင်းရှင်းများအရ မိမိနိုင်ငံအပေါ် နိုင်ငံတကာငွေကြေးပိတ်ဆို့မှုများအပါအဝင် အခြားအရေးယူဆောင်ရွက်မှုများမှ ရှောင်လွှဲနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆောင်ရွက်ချက်များဟာ ၂၀၀၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ဥပဒေကြမ်းကော်မတီနှင့် မိမိတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြုရေးအခန်းကဏ္ဍမှ မိမိတို့နိုင်ငံအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ လွှတ်တော်အတွင်း ဥပဒေပြုရာမှာ တွေ့ရှိရသော ထင်သာမြင်သာရှိသည့်အချက်များမှာ လွှတ်တော်ကိုယ်စားလှယ်အများစုဟာ ဥပဒေကြမ်းကော်မတီ သို့မဟုတ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းသာ ထောက်ခံဆန္ဒပြုနေခြင်းမျိုး တွေ့ရှိနေရကြောင်းတို့ ဆိုသည့် အကြံပြုသုံးသပ်ချက်နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်၏ ဥပဒေအတည်ပြုခြင်းကဏ္ဍတွင် အတည်ပြုနိုင်ရေးဆောင်ရွက်ချက်များသည် ဥပဒေနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တာဝန်ခံရပြီး၊ အမျိုးသားလွှတ်တော်တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တာဝန်ခံဆောင်ရွက်ရပါတယ်။ တင်သွင်းလာတဲ့ ဥပဒေကြမ်းများကို ပြင်ဆင်အတည်ပြုရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်တိုင်းတွင် ပြင်ဆင်ခွင့်၊ ဆွေးနွေးခွင့်၊ အကြံပြုခွင့်များကိုလည်း ဥပဒေအရ ပေးအပ်ထားပြီးလည်းဖြစ်ပါတယ်။ ပြင်ဆင်ချက်တင်သွင်းလိုသည့် ကိုယ်စားလှယ်များမရှိပါက ဥပဒေနှင့်အညီ အတည်ပြုရေးသာ ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုရှိလာပါက ဥပဒေကြမ်းပူးပေါင်းကော်မတီ၏စီစဉ်မှုဖြင့် ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ရယူရမည်သာ ဖြစ်ပါတယ်။ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်အများစုနှင့် တပ်မတော်သား

လွှတ်တော်ကိုယ်စားလှယ်အများစုတို့ဟာ ဥပဒေပြုရေးမဏ္ဍိုင်တွင် မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အတိုင်း ပြင်ဆင်ခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းစတဲ့လုပ်ပိုင်ခွင့်များကို ဥပဒေအရ အပ်နှင်းထားပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဆန္ဒပြုနေခြင်းဆိုသည့် သုံးသပ်အကြံပြုချက်များကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုတွေ့ရှိရပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအား ဥပဒေကြမ်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့ရဲ့ လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်၊ လေ့လာခွင့်၊ ဆွေးနွေးခွင့်၊ အကြံပြုခွင့်ရရှိထားပြီးဖြစ်သဖြင့် အထူးသဖြင့်တင်ပြရန် လိုအပ်မည်မဟုတ်ပါကြောင်းလည်းဘဲ လေးစားစွာ တင်ပြအပ်ပါတယ်။

တချို့သော ဥပဒေကြမ်းများတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ပြန်လည်ရှင်းလင်းတင်ပြမှုနှင့် လုံးဝဆန့်ကျင်မှုဖြစ်ရသည့် အကြောင်းရင်းများကို ဆန်းစစ်ပါက ဥပဒေကြမ်းများကို အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရသည့် အချိန်ကာလများမှာ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားတက်ရောက်လာတဲ့ပုဂ္ဂိုလ်များသည် အဆုံးအဖြတ်ပေးနိုင်သည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများဖြစ်ရန် အထူးလိုအပ်လှပါတယ်။ သို့မှသာ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဆန္ဒသဘောထားများကို သိရှိနိုင်ပြီး ခိုင်မာသည့်ဥပဒေတစ်ရပ်ဖြစ်ပေါ်လာရေးကို အထောက်အကူပြုနိုင်မည်သာဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် ဥပဒေကြမ်းများအတည်ပြုရေး ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးများသို့ ညွှန်ကြားရေးမှူးချုပ်အဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်များကသာ အများဆုံးတက်ရောက်ခဲ့ကြသည့်အတွက် သဘောထားကွဲလွဲချက်များ ဖြစ်ပေါ်ခဲ့ရပါကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

အထူးသဖြင့် ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပြီးချိန်၊ နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်ပြန်ကြားလာသည့်အခါ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ရာ၌ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့် ကွဲလွဲချက်များ ရှိကောင်းရှိလာနိုင်ပါတယ်ခင်ဗျာ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ အကြံပြုသုံးသပ်ချက်များဖော်ပြခဲ့တဲ့ ယှဉ်ပြိုင်ပြင်ဆင်လိုသူက တင်ပြသည့်အချက်သည် မည်မျှသင့်လျော်မှန်ကန်မှုရှိသည် ဖြစ်စေ၊ ၎င်းကိုယ်စားလှယ်၏တင်ပြပုံတွင် အားနည်းချက်ရှိပြီးလွှတ်တော်ကိုယ်စားလှယ်အများစု ရှင်းလင်းအောင် တင်ပြနိုင်ခြင်းမရှိပါက ဆန္ဒမဲဆုံးရှုံးပြီး ဥပဒေကောင်းတစ်ရပ်ပေါ်ပေါက်လာစေမည့်အခြေအနေမှ လမ်းလွဲသွားရပါကြောင်း၊ ဥပမာ- အမျိုးသားပညာရေးဥပဒေကို အထောက်အထားပြု တင်ပြခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုသည်မှာယင်းဥပဒေကို ဥပဒေကြမ်းအဖြစ် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ သက်ဆိုင်ရာ

ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနတို့နှင့် ပြင်ပပုဂ္ဂိုလ်များ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့သော ဥပဒေကြမ်းနှင့် ပြည်ထောင်စုပညာရေးဝန်ကြီးဌာနမှ တင်သွင်းလာသော ဥပဒေကြမ်းနှစ်ခုအား တပေါင်းတည်း ဆွေးနွေးရခြင်းဖြစ်ပါတယ်။

ဒီဥပဒေကြမ်းကို အတည်ပြုပြဌာန်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး(၉)ကြိမ် ပြုလုပ်ခဲ့ရပါတယ်။ အဆိုပါအစည်းအဝေးများကို ဥပဒေကြမ်းကော်မတီဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ပါမောက္ခချုပ်များ၊ ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင်များ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်များ အကြိမ်ကြိမ်တက်ရောက်ခဲ့ကြပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်၌ အတည်ပြုဆုံးဖြတ်ချက် ချမှတ်ရာတွင်လည်း သက်ဆိုင်ရာပြည်ထောင်စု ဒုတိယဝန်ကြီးများ ကိုယ်တိုင်တက်ရောက်ပြီး သဘောတူညီခဲ့ကြပါတယ်။ အမျိုးသားပညာရေးဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် ၂၃ ချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ရာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် သက်ဆိုင်ရာပုဂ္ဂိုလ်များအားလုံးကို ဖိတ်ကြားပြီး ဆွေးနွေးခဲ့ကြရာ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ချက် ၃ ချက်၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း ၁၃ ချက်၊ ပြည်ထောင်စုလွှတ်တော်၏ သဘောထားအတည်ပြုချက် အတိုင်း ၇ ချက် စုစုပေါင်း ၂၃ ချက်ဖြင့် အတည်ပြုခဲ့ကြပါတယ်။ အဆိုပါဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်တွင် နောက်ဆုံးအဆင့်အတည်ပြုရေး ဆွေးနွေးခဲ့ကြရာ၌ ပြင်ဆင်လိုသူ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားကို တင်ပြဆောင်ရွက်မှုများရှိခဲ့သော်လည်း ဒီမိုကရေစီကျင့်စဉ်အရ အများသဘောတူညီပြီး ကောင်းမွန်သည့် ပြင်ဆင်ချက်များကို အတည်ပြုခဲ့ခြင်းဖြစ်သဖြင့် တင်ပြပုံမကောင်း၍ ဆန္ဒမဲဆုံးရှုံးရခြင်းဆိုသည့် အကြံပြုသုံးသပ်ချက်မျိုး မဖြစ်ပေါ်ခဲ့ပါ။ လွှတ်တော်သည် ဥပဒေကြမ်းကော်မတီဝင်များအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းမြှင့်တင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပရှိ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များကို တက်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိတို့ ဥပဒေကြမ်းကော်မတီဝင်များသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ မိမိနိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက် အဓိကထား၍ ဥပဒေပြုရေးကဏ္ဍ၌ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ပူးပေါင်း

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## တပ်မတော်သားကိုယ်စားလှယ်များ၏ ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် တင်ပြခဲ့သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်သည့်အချက်များနှင့်စပ်လျဉ်း၍ အကြံပြုသုံးသပ်ချက်အပေါ် ဥက္ကဋ္ဌ၏ ပြောကြားချက်

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ထဲမှာရှိကြတဲ့ ရွေးကောက်ခံကိုယ်စားလှယ်များရော၊ တပ်မတော်သားကိုယ်စားလှယ်များရော အားလုံးဟာ မိမိတို့ရဲ့ အဓိကတာဝန်ကတော့ ဥပဒေပြုရေးဖြစ်ပါတယ်။ ဒါနဲ့အတူ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းနိုင်ရေးအတွက်လည်း လွှတ်တော်ပိုင်းကနေပြီးတော့ တာဝန်ခံ၊ တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းကိုလည်း ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ မေးတဲ့မေးခွန်းဟာ နိုင်ငံနှင့် နိုင်ငံသား အကျိုးစီးပွားများကို အမှန်တကယ်ဖြစ်ပေါ်စေနိုင်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ မဏ္ဍိုင်ကြီး (၃)ရပ်က ဆောင်ရွက်ရမယ့်ကိစ္စများ မည်သို့မည်ပုံဆောင်ရွက်မလဲ။ ကျန်တဲ့ကာလ တစ်နှစ်သာသာကာလမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေများ ရှိလို့ရှိရင် ဘယ်လိုများ ဖြေရှင်းဆောင်ရွက်မလဲဆိုတဲ့ မေးခွန်းကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးခုလုံးကို မေးတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီ့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းများ ပြန်လည်ရှင်းလင်းဖို့ တာဝန်ရှိလာပါတယ်။ ပြန်လည်ရှင်းလင်းဖို့တာဝန်ရှိလာတဲ့အခါမှာ မိမိတို့ဥပဒေပြုရေးမဏ္ဍိုင်ဆိုရင် မေးတဲ့မေးခွန်းအပေါ်မှာ ဘယ်ကဲ့သို့ ဆောင်ရွက်ရမယ်ဆိုတာကို ဝေဖန်စဉ်းစားသုံးသပ်ပြီးမှ တင်ပြရမှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ တရားရေးမဏ္ဍိုင်အနေနဲ့လည်း ပြီးခဲ့တဲ့ကာလအတွင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီးတော့ လေးလေးစားစား လွှတ်တော်ကို ပြန်လည်တင်ပြခဲ့ပါတယ်။ ဒီအကြောင်းကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒီလိုရှင်းလင်းတင်ပြတဲ့အခါမှာ တချို့ တရားရေးမဏ္ဍိုင်အပေါ် ဇဝေဇဝါထင်မှားမှုများကလည်း ရှင်းလင်းတင်ပြတဲ့အခါမှာ တရားရေးမဏ္ဍိုင်က မည်ကဲ့သို့ဆောင်ရွက်နေတယ်ဆိုတာလည်း ပေါ်လွင်သွားပါတယ်။ ထိုနည်းတူစွာပဲ ဒီနေ့ဥပဒေပြုရေးမဏ္ဍိုင်က ရှင်းလင်းတင်ပြတဲ့အခါမှာ ဆောင်ရွက်တဲ့နေရာမှာ လိုအပ်ချက်တွေ၊ အခက်အခဲတွေ၊ ဒီကြားထဲက ဆောင်ရွက်ခဲ့မှုတွေအပါအဝင် ဥပဒေပြုရေးမဏ္ဍိုင်အတွက် အဓိကအားထားရတဲ့ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာကော်မတီများရဲ့ ဆောင်ရွက်ချက်များကို အခုလို ရှင်းလင်း

တင်ပြနိုင်တာ ဖြစ်ပါတယ်။ ဒီနေရာမှာ ထင်ရှားတဲ့ကိစ္စတစ်ခုကတော့ တပ်မတော်သားကိုယ်စားလှယ်ရဲ့ တင်ပြချက်မှာ လွှတ်တော်ရဲ့အချိန်များကို လေးစားတန်ဖိုးထားမှုမရှိဘဲ တချို့လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိမေးမြန်းတဲ့မေးခွန်းဟာ အချိန်ကိုလေးစားတန်ဖိုးထားမှုမရှိဘဲ ကိုယ်ရည်သွေးမေးခွန်းများကြောင့် သတ်မှတ်ချိန်ထက်ကျော်လွန် ဆောင်ရွက်နေသောကိစ္စများကို တင်ပြဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထိုနည်းတူစွာပဲ ကော်မတီများတွင်ပါဝင်ပြီး ကော်မတီရဲ့လုပ်ငန်းများကို အားနည်းစွာဆောင်ရွက်နေတဲ့ကိုယ်စားလှယ်များ ရှက်ကြဖို့ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ခြင်းကို ကြောက်ကြဖို့ လိုကြောင်းကိုလည်း ဆွေးနွေးဖော်ထုတ်နိုင်ပါတယ်။ ပြည်သူ့လွှတ်တော်ကြီးဟာ ကော်မတီများရဲ့ လုပ်ဆောင်မှုစွမ်းရည်အပေါ်မှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒါကြောင့် တချို့ လွှတ်တော်မှာဖွဲ့စည်းထားတဲ့ကော်မတီများမှာ ကော်မတီဝင်များဟာ ကော်မတီရဲ့လုပ်ငန်းများကို ထိထိရောက်ရောက်စိတ်ပါဝင်စားစွာ မလုပ်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း သတိပေးရာရောက်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များဟာ ဟော့ဒီလွှတ်တော်အစည်းအဝေးခန်းထဲမှာ ပဲမေးခွန်းမေးခြင်း၊ ဆွေးနွေးခြင်း၊ အဆိုပြုတင်ပြခြင်း၊ ဥပဒေများကို ပြင်ဆင်ခြင်းလုပ်ရုံလောက်နဲ့ မလုံလောက်ပါဘူး။ လွှတ်တော်ကော်မတီများဟာ လွှတ်တော်ကြီးအတွက် အင်မတန်မှ အရေးကြီးတဲ့ လွှတ်တော်ငယ်များဖြစ်တယ်။ အဲ့ဒီလွှတ်တော်ငယ်များမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပါဝင်ဖွဲ့စည်းပေးထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ရှေ့ဆက်သွားမယ့်ခရီးမှာ ကော်မတီဥက္ကဋ္ဌများအနေနဲ့ မိမိတို့ကော်မတီကို ဖွဲ့စည်းပေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ပြီး တက်တက်ကြွကြွပါဝင်ခြင်း မရှိဘူးဆိုလို့ရှိရင်လည်း ကော်မတီဥက္ကဋ္ဌများအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလိုပါတယ်။ ဒီအချိန်မှာ လွှတ်တော်ကိုယ်စားလှယ်ဟာ လွှတ်တော်ကပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာဆောင်ရွက်ခြင်းမရှိဘူးဆိုတဲ့ ကိစ္စနဲ့စပ်လျဉ်းပြီး လိုအပ်သလိုအရေးယူ ဆောင်ရွက်နိုင်ကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ သိထားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ အခုလို ဒီမေးခွန်းကိုမေး၍ဖြစ်ပေါ်လာတဲ့ သက်ဆိုင်ရာမဏ္ဍိုင်ကြီးသုံးရပ်က ရှင်းလင်းတင်ပြချက်၊ သက်ဆိုင်ရာဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်တွေဟာ ကျွန်တော်တို့ ရှေ့ဆက်သွားမယ့်ခရီးမှာ လွှတ်တော်ကဆောင်ရွက်ဖို့အတွက် များစွာအကျိုးကျေးဇူးရှိတဲ့အတွက် အခုလို မေးခွန်းမေးပေးတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကိုလည်း ကျေးဇူးတင်မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီအတိုင်းပဲ ဒီတစ်ပတ်မှာ (၁၁) ကြိမ်မြောက် လွှတ်တော်အစည်းအဝေးမှာ (၁၀)ကြိမ်မြောက် လွှတ်တော်အစည်းအဝေးကစပြီး တပ်မတော်သားကိုယ်စားလှယ်များဟာ မေးခွန်း ၅၀ တင်ပြထားတာ ရှိပါတယ်။

ဒီမေးခွန်းတွေကို ပြန်ပြီးလေ့လာသုံးသပ်တဲ့အခါမှာ နိုင်ငံနှင့်နိုင်ငံသားများအတွက် များစွာအကျိုးရှိနိုင်သော မေးခွန်းများဖြစ်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ အဲ့ဒီနည်းတူပဲ မေးခွန်းများမေးတဲ့အခါမှာလည်း သတ်မှတ်ထားတဲ့ ၃ မိနစ်အတွင်းမှာ ဝင်အောင်မေးသွားတာလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း နိုင်ငံနှင့်နိုင်ငံသားများအတွက် အမှန်တကယ်အကျိုးရှိသောမေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းနှင့် ပတ်သက်လို့ ပြင်ဆင်ချက်များကိုလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့လွှတ်တော်မှာ အချိန်ကိုလေးစားတန်ဖိုးထားပြီး မေးခွန်းမေးတဲ့နေရာမှာ၊ ဆွေးနွေးတဲ့နေရာမှာ ဆောင်ရွက်သွားဖို့ လိုကြောင်းလည်း ဒီကနေ တိုက်တွန်းလိုပါတယ်။ အစည်းအဝေးကို ခေတ္တရပ်နားမှာမဟုတ်ဘဲနဲ့ နောက်ထပ်နာရီဝက်အထိ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ကိုယ်ရေးကိုယ်တာလုပ်စရာရှိတဲ့ ကျန်းမာရေးအတွက် လုပ်စရာရှိတဲ့ကိစ္စများလည်း လွတ်လပ်စွာလုပ်ဆောင်နိုင်ကြောင်း ပြောကြားလိုပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးခြင်းများကို ဆက်လက်ပြုလုပ်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်

အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမယ့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာအပေါ် ပါဝင်ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ယနေ့ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့တိုင်းပြည်အသီးသီးရဲ့ အဓိက အရေးပါအရာရောက်တဲ့ ဆောင်ရွက်ချက်တစ်ခုကတော့ ရွေးကောက်ပွဲများ ဆောင်ရွက်ပေးကြခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်ခုနှင့်တစ်ခု ဆောင်ရွက်ပုံချင်း မတူညီကြပေမယ့် အကျိုးရလဒ်နဲ့ မျှော်လင့်ချက်များအားလုံးကတော့ တူညီကြမှာပဲဖြစ်ပါတယ်။ မည်သည့်တိုင်းပြည်၊ မည်သည့်နိုင်ငံမဆို မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းခံဖြစ်တဲ့ ရွေးကောက်ပွဲများကို ပုံစံအမျိုးမျိုးနဲ့ ပြောင်းလဲဆောင်ရွက်နေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီမိုကရေစီဖြစ်စဉ်အရ လုံးဝစံချိန်စံညွှန်း ပြည့်မီကိုက်ညီသော ရွေးကောက်ပွဲအဆင့်အတန်းမျိုး မရရှိနိုင်ပါ။ အားသာချက်/အားနည်းချက်များနှင့်အတူ တဖြည်းဖြည်းပြုပြင်ပြောင်းလဲ၍ တိုးတက်မြင့်မားရေးကို ဦးတည်ပြီး ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးစီးပွားဖြစ်ထွန်းမည်ဆိုပါက ပြောင်းလဲဆောင်ရွက်သင့်တာတွေကို ရဲရဲဝံ့ဝံ့ပြောင်းလဲဆောင်ရွက်ပေးရမှာသည် ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များအားလုံးရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ယနေ့ သမိုင်းတွင်ကျန်ရစ်မယ့် အပြောင်းအလဲတစ်ခုကို လွှတ်တော်အတွင်း ဝိုင်းဝန်းညှိနှိုင်းအဖြေရှာရင်းဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအဆင့်အတန်းကို တဖြည်းဖြည်း မြှင့်တင်ပေးသွားရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သမိုင်းစဉ်ဆက်အရ ကျင်းပပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲများအသီးသီးဟာလည်း သူ့အချိန်အခါနှင့်သူ လိုက်လျောညီထွေစွာ ဆောင်ရွက်ခဲ့ကြရတာပဲ ဖြစ်ပါတယ်။ လိုအပ်ချက်၊ အားနည်းချက်များအပေါ် စောင့်ကြည့်လေ့လာမည်ဆိုပါက ရွေးကောက်ပွဲများပင် ပေါ်ပေါက်လာစရာ လမ်းစမမြင်ပါ။ အလားတူစွာ နိုင်ငံတကာမှာလည်း ယခုကဲ့သို့ပင် အဆင့်ဆင့်ကြိုးပမ်းပုံဖော်သွားကြရတာကို မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ အဓိကမှာ မိမိတို့ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်စွမ်းရှိဖို့ပဲ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ တိုင်းသူပြည်သားများရဲ့ ဒီမိုကရေစီအခွင့်အရေး ယခုထက်ပိုမို တိုးချဲ့ရရှိခံစားလာနိုင်ရေး၊ မိမိတို့တိုင်းပြည်ရဲ့ ဒီမိုကရေစီဖြစ်စဉ် အရှိန်အဟုန်ကို ပိုမိုတိုးတက်မြင့်မားလာအောင် ဖော်ဆောင်ပေးနိုင်ရေး၊ ဒီမိုကရေစီနောက်ကြောင်းပြန်မဖြစ်စေရေးတို့အတွက် ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များက အဓိကထား စဉ်းစားဆွေးနွေးဆုံးဖြတ်ပေးကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဒီမိုကရေစီ ချီတက်ရာလမ်းကြောင်းတစ်လျှောက်မှာ ရွေးကောက်ပွဲများဟာ မပါမပြီးသကဲ့သို့ ရွေးကောက်ပွဲ ဟာလည်း အမျိုးမျိုးကွဲပြားလျက်ရှိပြီး မိမိတို့နှင့် လိုက်ဖက်ညီထွေမည်ထင်သည့် ရွေးကောက်ပွဲ ပုံစံများကိုသာ ဆွဲယူကျင့်သုံးသွားကြရတာပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲပုံစံကို တစ်သမတ်တည်း ကျင့်ပရန်ကန့်သတ်ချက်မျိုးမရှိခဲ့ပါဘူး။ ယခုအချိုးကျကိုယ်စားပြုစနစ်ကို စတင်အကောင် အထည်ဖော်ကျင့်သုံးခြင်းအားဖြင့် လာမည့်သက်တမ်းများမှာ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများပါမကျန် တိုးချဲ့ဆောင်ရွက်သွားနိုင်မှာဖြစ်ပြီး တစ်ပြည်လုံးအတိုင်းအတာထိ မဲဆန္ဒရှင် ပြည်သူတွေကို ကိုယ်စားပြုနိုင်မယ့် ရွေးကောက်ပွဲများပေါ်ထွန်းလာနိုင်မှာပဲ ဖြစ်ပါတယ်။ ယခု ပြောင်းလဲဆောင်ရွက်မည့် နည်းစနစ်သစ်များသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟုယူဆပါက ပြင်ဆင် သင့်တာတွေကို ဝိုင်းဝန်းပြင်ဆင်ပေးရမှာ ကျွန်တော်တို့တာဝန်ပဲ ဖြစ်ပါတယ်။ လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကိုတောင် ကျွန်တော်တို့လွှတ်တော်မှာ ဝိုင်းဝန်းအဖြေရှာ ပြင်ဆင်ဆောင်ရွက် နေကြတာ အားလုံးအသိပဲဖြစ်ပါတယ်ခင်ဗျား။ မည်သည့်နည်းစနစ်ဖြင့် ရွေးကောက်ပွဲများဆောင်ရွက် သည်ဖြစ်စေ၊ မဲဆန္ဒရှင်ပြည်သူများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မယ့် အဆင့်အတန်းမျိုး ရောက်ရှိဖို့လိုအပ်တာအမှန်ပဲဖြစ်ပါတယ်။ ယခုကော်မရှင်မှတင်ပြလာသော ရွေးကောက်ပွဲနည်းလမ်း (၈)မျိုးအနက် နည်းလမ်းအမှတ်စဉ်(၃)နှင့် (၄)သည် FPTP စနစ်ကို အခြေခံထားသော နည်းလမ်းများ ဖြစ်ပြီး လက်တွေ့အသုံးပြုရန် သင့်တော်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ မဲဆန္ဒရှင်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့်နည်းလမ်းများမပါရှိသကဲ့သို့ ရိုးရှင်းလွယ်ကူသောနည်းလမ်းများပဲ ဖြစ်ပါ တယ်။ မဲဆန္ဒရှင်များကို ပိုမိုကိုယ်စားပြုနိုင်သောနည်းလမ်းဖြစ်ပြီး ရွေးကောက်ပွဲစနစ်နှင့် အဆင့် အတန်းကို စတင်ပြောင်းလဲဆောင်ရွက်ပေးနိုင်မယ့်နည်းလမ်းများဟု ယုံကြည်ယူဆပါတယ်။ အထူး သဖြင့် နည်းလမ်းအမှတ်စဉ်(၄)သည် ပိုမိုအသေးစိတ်ကျပြီး မဲဆန္ဒရှင်ပြည်သူများကို ပိုမိုကိုယ်စား ပြုပေးနိုင်ကြောင်း လူထု၏ကိုယ်စားပြုမဲဆန္ဒများ အလဟဿလေလွင့်ဖိတ်စင်မှုကို ကာကွယ်ပေး ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့နိုင်ငံ၏ သမိုင်းမှတ်တိုင်သစ်တစ်ခုကို အောင်မြင်စွာစိုက်ထူနိုင်ရန် ကောင်းမွန်သောယုံကြည်ချက်၊ ရည်ရွယ်ချက်များဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါရန် တိုက်တွန်းဆွေးနွေးရင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့်

ရွေးကောက်ပွဲစနစ်တစ်ခု ထွက်ပေါ်လာရေးအတွက် အထူးကြိုဆိုထောက်ခံပါကြောင်း နိဂုံးချုပ်တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်ကိုထောက်ခံတဲ့ကိုယ်စားလှယ်တွေရော၊ PR စနစ်ကိုကန့်ကွက်တဲ့ ကိုယ်စားလှယ်တွေရော ဆွေးနွေးသွားချက်တွေကို သေသေချာချာလေ့လာနားထောင်ကြည့်တဲ့အခါမှာ ဒီနေ့နိုင်ငံရေးရာသီဥတုအချိန်အခါအရ PR စနစ်နဲ့ဆက်နွယ်တဲ့ဘယ်စနစ်ကိုမှ ကျင့်သုံးဖို့မသင့်သေးဘူးဆိုတာကို အားလုံးလွှတ်တော်ကိုယ်စားလှယ်ကြီးများရော၊ လေ့လာနေတဲ့ပြည်သူလူထုတစ်ရပ်လုံးရော သိရှိပြီးဖြစ်မယ်လို့ယုံကြည်ပါတယ်။ ကမ္ဘာ့ရွေးကောက်ပွဲပညာရှင်တွေရဲ့ သုတေသနစာတမ်းမှာ FPTP စနစ်ကို ကျင့်သုံးတဲ့နိုင်ငံက ၁၁၄ နိုင်ငံရှိပြီးတော့ PR စနစ်နဲ့နွယ်တဲ့စနစ်တွေကိုကျင့်သုံးတဲ့နိုင်ငံက ၇၈ နိုင်ငံပဲရှိတာကိုလည်း လေ့လာသိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်အလွန်ထွန်းကားတဲ့ အမေရိကန်နဲ့ ဗြိတိန်နိုင်ငံတွေဟာလည်း အခုထိပဲ FPTP စနစ်ကိုကျင့်သုံးဆဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အိမ်နီးနားချင်းနိုင်ငံဖြစ်ပြီးတော့ လူဦးရေ ကမ္ဘာမှာ ဒုတိယအများဆုံးဖြစ်တဲ့ အိန္ဒိယနိုင်ငံကြီးဟာ လွတ်လပ်ရေးမရခင်မှာ ဘယ်စနစ်နဲ့သွားရင် နိုင်ငံရေးတည်ငြိမ်မလဲ။ ဒီလောက် လူမျိုးစုတွေများတဲ့၊ ဘာသာအယူအဆတွေများတဲ့နိုင်ငံမှာ သင့်တော်မလဲ ဆိုတာကို နှစ်နှစ်လောက်အချိန်ယူပြီးတော့ ပညာရှင်တွေက လေ့လာပြီးတဲ့အခါမှာ FPTP စနစ်ကိုပဲ ကျင့်သုံးဖို့ရွေးချယ်ခဲ့ကြပါတယ်။ နယူးဇီလန်နိုင်ငံမှာဆိုလို့ရှိရင် PR စနစ်ကိုပြောင်းလဲကျင့်သုံးဖို့လို့ နှစ်နှစ်လောက်အချိန်ယူပြီးတော့ ပြည်သူ့ဆန္ဒခံယူပွဲနှစ်ကြိမ်ပြုလုပ်ခဲ့ပြီးမှ ပြောင်းခဲ့တာဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံဖြစ်ပြီးတော့ စတုတ္ထလူဦးရေအများဆုံးဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံဟာ ကျွန်းငယ်တွေလည်း အများကြီးဖြစ်ပြီးတော့ လူမျိုးစုတွေလည်းများပါတယ်။ အဲ့ဒီစနစ်မှာ နိုင်ငံတော်သမ္မတကို ပြည်သူက တိုက်ရိုက်ရွေးချယ်ခွင့်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက အခြေခံဥပဒေမှာလို ပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) နှင့်ပုဒ်မခွဲ(စ)မှာ ပြဋ္ဌာန်းထားတဲ့အချက်တွေလိုမျိုး လူ့အခွင့်အရေးချိုးဖောက်တဲ့အချက်တွေလည်း မပါရှိပါဘူး။ တပ်မတော်သားကိုယ်စားလှယ်တွေကလည်း အခုဆိုလို့ရှိရင် ဖြေလျှော့ပြီးတော့ လုံးဝမပါတော့ပါဘူး။ အဲ့ဒီအခြေအနေကျမှ ကျင့်သုံးတာဖြစ်ပါတယ်။

ကျွန်တော်တို့မလွဲမသွေ ဒီစနစ်တွေကိုလေ့လာတဲ့အခါမှာ တပ်မတော်ရဲ့ပါဝင်မှုကိုလည်း ကျွန်တော်တို့ထည့်တွက်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီ အင်ဒိုနီးရှားနိုင်ငံမှာဆိုလို့ရှိရင် ပါတီ ခုနှစ် ပါတီပဲရှိတာ

ကိုလည်းသတိထားရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ အာဏာဟာပြည်သူ့ထံက ဆင်းသက်ရတာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူကိုယ်စားပြုမှုဟာ လွှတ်တော်မှာ ၇၅ ရာခိုင်နှုန်းပဲရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းနေတာတွေရှိတဲ့အတွက် ပြည်သူ့ကိုယ်စားပြုမှုဟာ ၇၀ ရာခိုင်နှုန်းခန့်ပဲ ရှိပါတယ်။ သမ္မတရွေးချယ်တဲ့ ကျွန်တော်တို့ရဲ့စနစ်မှာလည်း သမ္မတနှစ်ဦးကိုပဲ ပြည်သူကရွေးချယ်ခွင့်ရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူရဲ့အာဏာ၊ ပြည်သူရဲ့ကိုယ်စားပြုမှု ဟာ ၆၀ ရာခိုင်နှုန်းကျော်ကျော်ပဲရှိတာကိုလည်း လေ့လာသိရှိရပါတယ်။ ပြည်သူတွေရဲ့ကိုယ်စားပြုမှု ထပ်ပြီးတော့လျော့နည်းစေမယ့် PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် ဒီမိုကရေစီစံချိန်စံညွှန်းတွေ ပိုပြီးတော့ လျော့နည်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စားပြုမှုက ၅၀ ရာခိုင်နှုန်းအောက်ကို ရောက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းအဖွဲ့အစည်းဖြစ်တဲ့ တပ်မတော်ဟာ ဒီမိုကရေစီရင့်ကျက်လာတာနဲ့အမျှ နိုင်ငံရေးမှာပါဝင်ပတ်သက်မှုကနေ ဂုဏ်သိက္ခာရှိစွာ တဖြည်းဖြည်းနဲ့ဆုတ်ခွာသွားမယ်လို့ယုံကြည်ပါတယ်။ အဲ့ဒီအခြေအနေမရောက်ခင်မှာ PR စနစ်ကိုမစဉ်းစားသင့်သေးဘူးလို့ ပြောချင်ပါတယ်။ ဒီမိုကရေစီအနိုင်ကျင့်မှာ စိုးရိမ်တဲ့ပုဂ္ဂိုလ်များလည်း အဲ့ဒီအချက်ကိုသတိပြုသင့်တယ်လို့ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်မှာကောင်းကျိုးအနည်းငယ်ရှိသော်လည်း ဆိုးကျိုးက ပိုပြီးတော့များပါတယ်။ PR စနစ်ကြောင့် အစွန်းရောက်သမားတွေ လွှတ်တော်ထဲရောက်လာပြီး နိုင်ငံရေးပလက်ဖောင်းရသွားနိုင်ပါတယ်။ PR စနစ်ကြောင့်ပဲ ဂျာမနီမှာဟစ်တလာအာဏာရလာပြီးတော့ ကမ္ဘာစစ်ကြီးကို ဖန်တီးခဲ့တာလည်း ဆင်ခြင်စရာပဲဖြစ်ပါတယ်။ PR စနစ်မှာ ပြည်သူတွေက သူတို့ ကြိုက်တဲ့အမတ်ကို ရွေးချယ်ခွင့်မရှိဘဲ ပါတီတစ်ခုခုကိုပဲ မဲပေးရတာဖြစ်ပါတယ်။ ပြည်သူကြိုက်တဲ့ ကိုယ်စားလှယ်ထက် ပါတီခေါင်းဆောင်တွေကြိုက်သူပဲ အမတ်ဖြစ်လာနိုင်ပါတယ်။ အမတ်နဲ့ ပြည်သူအကြားမှာ တာဝန်ခံမှု၊ တာဝန်ယူမှုတွေ ပျောက်ဆုံးသွားနိုင်ပါတယ်။ PR စနစ်မှာတစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေလည်း ပျောက်သွားနိုင်ပါတယ်။ PR စနစ်ကိုပြည်သူ့လွှတ်တော်မှာ စတင်ပြီးတော့ အဆိုတင်တဲ့နေ့မှာပဲ တိုင်းရင်းသားအမတ်အများစုက လွှတ်တော်မတက်ဘဲနဲ့ ကန့်ကွက်ခဲ့ကြပါတယ်။ တပ်မတော်သားတွေကလည်း ကန့်ကွက်ခဲ့ကြပါတယ်။ ပညာရှင်များကလည်း စာနယ်ဇင်းအဖုံဖုံကနေ ကန့်ကွက်နေကြပါတယ်။ ပြည်သူတွေက မလိုလားတဲ့၊ အလွန်ရှုပ်ထွေးတဲ့ PR စနစ်ရွေးကောက်ပွဲကြောင့် တိုင်းပြည်ရဲ့ကောင်းမွန်တဲ့အနာဂတ်ကို ဝေဝါးသွားနိုင်ပါတယ်။ ဒီမိုကရေစီစနစ်ကို အမှန်တကယ် လိုလားရင် ဒီမိုကရေစီစံနှုန်းတွေနဲ့ တဖြည်းဖြည်းကိုက်ညီအောင် စနစ်တကျပြောင်းလဲ

သင့်ပါတယ်။ ဘယ်ရွေးကောက်ပွဲစနစ်ကို ကျင့်သုံး၊ ကျင့်သုံး ပြည်သူ့ထောက်ခံမှုသာ အဖြေဖြစ်ပါတယ်။ PR စနစ်ကို ထောက်ခံဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများက ကော်မရှင်က တင်ပြထားတဲ့ ဒီဇိုင်း(၄)ကို ရည်ညွှန်းထောက်ခံသွားကြတာကို သတိပြုမိပါတယ်။

ဒီဇိုင်း(၁) FPTP စနစ်ကလွဲလို့ ဒီဇိုင်း(၂)မှ ဒီဇိုင်း(၈)ထိဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မြို့နယ် သို့မဟုတ် မြို့နယ်အတွင်း လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်ရန် ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၁၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၇၄ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၀၉ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၆၁ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ PR စနစ်ကိုသုံး၍မရကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီဇိုင်း(၄)ကတော့ ပုဒ်မ ၃၉၁ ပုဒ်မခွဲ(ခ)နဲ့ပါ ဆန့်ကျင်နေတာကိုတွေ့ရပါတယ်။ ဒီဇိုင်း(၃)နဲ့ ဒီဇိုင်း(၄)ဟာ အနိုင်၊ အရှုံးကြေညာပြီးမှ မဲဆန္ဒရှင်တွေက ကိုယ်ဘယ်စနစ်နဲ့မဲပေးခဲ့တယ်ဆိုတာကို သိရတာဟာလည်း အားနည်းချက်တစ်ခုရှိပါတယ်။ မဲဆန္ဒနယ်တစ်ခုမှာ ကိုယ်စားလှယ်တစ်ဦးကို ၅၀ ရာခိုင်နှုန်းအထိ ပုံအောပေးပြီးတော့ ကျန်ကိုယ်စားလှယ် ဒုတိယ၊ တတိယတွေကို ၂၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်းစသည်ဖြင့်ပေးခဲ့ပြီးတဲ့အခါမှာ အဲ့ဒီမဲတွေကို တခြားနယ်ကိုယူသွားပြီးတော့သွားပေါင်းမှာဖြစ်ပါတယ်။ အဲ့ဒီလို သွားပေါင်းတဲ့အခါမှာ ပြည်သူကမကြိုက်လို့ ပယ်ထားခဲ့တဲ့အမတ်ဟာ ကိုယ်စားလှယ်ဖြစ်လာနိုင်ပါတယ်။ အဲ့ဒါဆိုရင် မဲပေးခဲ့တဲ့ပြည်သူတွေက ကျေနပ်နိုင်ပါ့မလား။ ဒါကလည်း အင်မတန်စဉ်းစားစရာဖြစ်ပါတယ်။

ဒီဇိုင်း(၄)မှာ ခိုင်လုံမဲ ၅၀ ရာခိုင်နှုန်းအပေါင်းတစ် ရတဲ့ကိုယ်စားလှယ်လောင်းဟာ အမတ်ဖြစ်ပါတယ်။ အဲ့ဒီ မဲဆန္ဒနယ်က အရွေးမခံရတဲ့ ကိုယ်စားလှယ်ရဲ့မဲတွေကို ယူသွားပြီးတော့ အခြား ၅၀ ရာခိုင်နှုန်းအပေါင်းမရတဲ့ မဲဆန္ဒနယ်တွေကမဲတွေနဲ့ သွားပေါင်းမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပုဒ်မခွဲ(ခ)မှာ ရွေးကောက်ပွဲတစ်ရပ်ကို မဲဆန္ဒနယ်တစ်ခုမှာသာ လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးခွင့်ရှိတယ်လို့ ရေးထားပါတယ်။ ဆန္ဒမဲတစ်မဲဟာ ရွေးကောက်ပွဲတစ်ရပ်အတွက် မဲဆန္ဒနယ်တစ်ခုအတွက်ပဲဖြစ်ပါတယ်။ ရှုံးမဲတွေကို အခြားမဲဆန္ဒနယ်တစ်နယ်အတွက် ပါတီမဲအဖြစ်ယူသွားပြီး အသုံးပြုတယ်ဆိုတာဟာ မဲဆန္ဒနယ်တစ်နယ်ထက် ပိုပြီးတော့အသုံးပြုတာ ဖြစ်ပါတယ်။ မဲတစ်ပြားကိုနှစ်ကြိမ်ရေတွက်တာပဲ ဖြစ်ပါတယ်။ ဥပဒေနဲ့မညီသလို တရားမျှတမှုလည်း မရှိပါဘူး။ ဒါကြောင့် မို့လို့ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ တကယ်လို့ရွေးကောက်ပွဲစနစ်ကို ပြောင်းမယ်ဆိုရင်

အခြေခံဥပဒေကို ပထမပြင်ပြီးမှ အဲ့ဒီအခြေခံဥပဒေနဲ့အညီ ပြောင်းသင့်ပါတယ်။ လွှတ်တော်မှာလည်း၊ ပြည်ထောင်စုလွှတ်တော်မှာလည်း ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံပြီးတော့ ပြည်သူ့ဆန္ဒခံယူပွဲတွေ လုပ်ပြီးမှသာပြောင်းလဲသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်နေတဲ့အချိန်မှာ နိုင်ငံရေးအရ လွတ်လပ်မှု၊ လူမျိုးရေးအရ တရားမျှတမှု၊ ဘာသာရေးအရ ညီညွတ်မှုတို့ကို တည်ဆောက်နိုင်ဖို့လိုအပ်ပါတယ်။ ဒါမှသာလျှင် ထာဝရငြိမ်းချမ်းရေးရရှိမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်တို့အနေနဲ့လည်း ပြည်သူကို ဗဟိုပြုပြီးတော့ ဆောင်ရွက်နိုင်ရန်အရေးကြီးနေပါတယ်။ ပါတီအဖွဲ့အစည်းများအနေနဲ့လည်း မိမိပါတီရဲ့အကျိုးစီးပွားထက် တိုင်းပြည်နှင့် တိုင်းပြည်ရဲ့ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ရမယ့် အချိန်ဖြစ်နေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၅၆ ခုနှစ်ကနေပြီးတော့ ၂၀၁၂ ခုနှစ်အထိ FPTP စနစ်ကို ကျင့်သုံးခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ယနေ့ဟာ အဲဒီရွေးကောက်ပွဲစနစ်ထက် သာလွန်ကောင်းမွန်တဲ့ ရွေးကောက်ပွဲစနစ်တစ်ခုကို လေ့လာရှာဖွေပြီး အနာဂတ်ကာလအတွက် လမ်းသစ်တစ်ခုအဖြစ် ချမှတ်ဆောင်ရွက်သွားဖို့ဟာ ကျွန်တော်တို့ ဒီနေ့လွှတ်တော်မှာရောက်ရှိနေတဲ့ ကိုယ်စားလှယ်တွေရဲ့တာဝန်ဖြစ်နေပါတယ်ခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးက လက်တွေ့ကျင့်သုံးလျက်ရှိတဲ့ ရွေးကောက်ပွဲစနစ်များကို လေ့လာကြည့်မယ်ဆိုရင် ဒီမိုကရေစီနိုင်ငံများမှာ ကျင့်သုံးသော ရွေးကောက်ပွဲစနစ်တိုင်းဟာ ပြီးပြည့်စုံတဲ့စနစ်ဟူ၍ မရှိသေးကြောင်း ဆန်းစစ်လေ့လာမှုများအရ သိရှိရပါတယ်။ ကမ္ဘာပေါ်မှာ မည်သည့်ရွေးကောက်ပွဲစနစ်ဟာ အကောင်းဆုံးဖြစ်သည်ဟု မည်သည့်ပညာရှင်ကမျှ ထောက်ပြနိုင်ခြင်းမရှိသေးဘဲ မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်တွေကို ကျင့်သုံးနေတာတွေ့ရပါတယ်။ မည်သည့်ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ၊ သမိုင်းကြောင်း၊ ကိုးကွယ်ယုံကြည်မှုနှင့် လိုက်လျောညီထွေရှိဖို့လိုအပ်ပါတယ်။ ရှေးယခင်ကတည်းက ကျင့်သုံးခဲ့လို့ အခုလည်း ဆက်လက်ကျင့်သုံးမယ်ဆိုတာထက် ပိုမိုကောင်းမွန်တဲ့

စနစ်တကျဖြစ်စေရေးအတွက် လေ့လာသုံးသပ်ပြီး အားနည်းချက်၊ အားသာချက်တွေကို ထည့်သွင်းစဉ်းစားကာ ပြည်သူလူထုအတွက် တကယ်အကျိုးရှိမယ့် ရွေးကောက်ပွဲစနစ်ဖြစ်အောင် ကျွန်တော်တို့ ပုံဖော်သွားဖို့ လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့ကိုယ်စားလှယ်တွေက ပြည်နယ်နှင့်တိုင်းဒေသကြီးတွေကို ရွေးကောက်ပွဲစနစ် တစ်မျိုးစီခွဲခြားကျင်းပမယ်ဆိုရင် တိုင်းရင်းသားတွေစိတ်ဝမ်းကွဲနိုင်တယ်လို့ စေတနာနဲ့ဆွေးနွေးသွားပါတယ်။ သို့ရာတွင် ယနေ့ ကျွန်တော်တို့ ရွေးကောက်ပွဲစနစ်နှစ်ခု ကျင်းပခြင်းကြောင့် တိုင်းရင်းသားများစိတ်ဝမ်းကွဲစရာလုံးဝလုံးဝမရှိပါကြောင်း၊ ဒါက တိုင်းရင်းသားတစ်ယောက်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ပြည်နယ်တွေမှာ ရွေးကောက်ပွဲ ကျင်းပတဲ့အခါမှာ ယခင်ကျင်းပခဲ့တဲ့ FPTP စနစ်နှင့်ကျင့်သုံးပြီး တိုင်းဒေသကြီးတွေမှာတော့ လေ့လာ သုံးသပ်ရေးကော်မရှင်ကတင်ပြထားတဲ့ နည်းလမ်းအမှတ်စဉ်(၄)ဖြင့် ရွေးကောက်ပွဲကျင်းပမယ်ဆိုလို့ရှိရင် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီပြီး (၁) မဲဆန္ဒနယ်ပြင်ဆင်ဖွဲ့စည်းရန် မလိုခြင်း၊ (၂)မဲဆန္ဒရှင်များ မဲပေးရာတွင် စနစ်အပြောင်းအလဲမရှိ၍ လွယ်ကူချောမွေ့စွာမဲပေးနိုင်ခြင်း၊ (၃) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်မလိုဘဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေဘောင်အတွင်းက ကျင်းပခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်းဒေသကြီးတွေအတွက်ကတော့ ရွေးကောက်ပွဲနည်းလမ်းအမှတ်စဉ်(၄)ဟာ လက်ရှိမြန်မာနိုင်ငံနှင့် အကိုက်ညီဆုံးဖြစ်မယ်လို့ လေ့လာသုံးသပ်ရရှိပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တစ်ဦးကနေပြီးတော့ ယခင်နေ့တွေမှာ လေ့လာသုံးသပ်ရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌကို ပုဂ္ဂိုလ်ရေးအရ ဝေဖန်သွားတာတွေ့ရပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ၊ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ(စ)၊ (ဆ)၊ (ည)၊ (ဋ)တို့အရ ကိုက်ညီမှုမရှိတဲ့အတွက်ကြောင့် မို့လို့ အဲဒီလို ပုဂ္ဂိုလ်ရေးအရ ဆွေးနွေးတိုက်ခိုက်မှုတွေကို ပြင်းပြင်းထန်ထန် ကျွန်တော့်အနေနဲ့ ကန့်ကွက်အပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လေ့လာသုံးသပ်ရေးကော်မရှင်အနေနဲ့ အချိန်တိုကာလအတွင်း ယခုလို လေ့လာသုံးသပ်ပြီး တင်ပြနိုင်တဲ့အတွက်ကြောင့်မို့လို့ လေ့လာသုံးသပ်ရေးအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ တပ်မတော်သားကိုယ်စားလှယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာမှာပါရှိတဲ့ ရွေးကောက်ပွဲနည်းလမ်း(၄)နဲ့ပတ်သက်ပြီးတော့ အခြေခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲစနစ်ကျင့်သုံးခဲ့ရာမှာ လွတ်လပ်ရေးအကြိုကာလမှစပြီး လွတ်လပ်ရေးရပြီး ယနေ့ကာလအထိ FPTP စနစ်တစ်မျိုးတည်းကို ကျင့်သုံးခဲ့တာ တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ မှာလည်း နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်တဲ့အတွက် ပြည်သူများမှ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်များဟာ ပါတီကြီး၊ ပါတီငယ်မဟူ လွှတ်တော်တွင်းမှာ ပါဝင်ခွင့်ရရှိလာပြီး ဒီမိုကရေစီလမ်းကြောင်းကို အတူတကွ ပူးပေါင်းလျှောက်လှမ်းခွင့်ရရှိတဲ့ နည်းလမ်းဖြစ်ပါတယ်။ ဒီနေရာမှာ စည်းကမ်းနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ကြားဖြတ်တင်ပြလိုပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၉ နည်းဥပဒေခွဲ (ဌ)မှာတော့ ဆွေးနွေးဆဲကိစ္စတစ်ခုနဲ့ တိုက်ရိုက်မသက်ဆိုင်သော စကားများမပြောဆိုရ။ (ဍ)မှာတော့ လွှတ်တော်အစည်းအဝေးအတွင်းဆွေးနွေးရာမှာ မိမိကိုယ်မိမိ အမွှမ်းတင်ခြင်း၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချခြင်း၊ မသမာနည်းဖြင့် ဆွေးနွေးခြင်း မပြုရဟုပါရှိပါတယ်။ ယခင်နေ့က ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးသြဇာကြီးမားရုံမကဆိုတဲ့ စကားလုံးနဲ့ ဘယ်နိုင်ငံမှမရှိသေးတဲ့ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနဲ့ပတ်သက်တဲ့ အခန်းကဏ္ဍစတဲ့စကားလုံးများကို ဆွေးနွေးသွားတာရှိပါတယ်။ ဒီဟာဆိုလို့ရှိရင် အခြေခံဥပဒေကို ထိပါးနေတဲ့အပြင် တင်ပြပါ နည်းဥပဒေများကိုလည်း ကျော်လွန်ပြီးတော့ ဘောင်ကျော်ပျက်ကွက်သွားတာ တွေ့ရှိရတယ်လို့ ယူဆရပါတယ်။ သို့အတွက် ကိုယ်စားလှယ်များ အနေဖြင့် မိမိရဲ့အဆင့်အတန်းကို တန်ဖိုးထားပြီး ပြည့်ပြည့်ဝဝ စည်းကမ်းရှိရှိနဲ့ ဆွေးနွေးပေးစေလိုကြောင်း ဥက္ကဋ္ဌကြီးကနေတစ်ဆင့် တင်ပြတောင်းဆိုအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်ရဲ့ နည်းလမ်း(၄)နဲ့ပတ်သက်ပြီးတော့ တင်ပြသွားပါမယ်။ နည်းလမ်းလေးက အကြမ်းဖျင်းအားဖြင့် FPTP မဲပေးတဲ့စနစ်မှာ မဲအများဆုံးရသူ အနိုင်ယူစနစ်ကို ပြည်နယ်များမှာ ကျင့်သုံးပြီးတော့ FPTP နဲ့ PR စနစ်ကို ပေါင်းစပ်ထားမှုဟာ တိုင်းဒေသကြီးများမှာ

ကျင့်သုံးတာကို ဖော်ထုတ်ထားပါတယ်။ ပြည်နယ် ခုနှစ် ခုမှာ ၁၂၃ မြို့နယ်၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမှာ သုံး မြို့နယ်ပေါင်းပြီးတော့ ၁၂၆ မြို့နယ်မှာ မဲဆန္ဒ ၁၂၆ ခုသတ်မှတ်ပြီး FPTP စနစ်နဲ့ ရွေးချယ်ပါတယ်။ တစ်ဖက်မှာလည်း တိုင်းဒေသကြီး ခုနှစ် ခု၊ နေပြည်တော်ကောင်စီတို့မှာရှိတဲ့ ၂၀၄ မြို့နယ်မှာ FPTP စနစ်နဲ့ ရွေးချယ်ပြီးတော့ ရရှိတဲ့ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲစီ ရသူများကို ကိုယ်စားလှယ်အဖြစ် သတ်မှတ်ပါတယ်။ အဲဒီနောက်မှာတော့ ၎င်း ၂၀၄ မြို့နယ်ထဲကနေ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်မဲ များမပါဘဲ ကျန်မဲများအားလုံးပေါင်းပြီးတော့ ပါတီရဲ့ခိုင်လုံမဲအဖြစ် ပြောင်းလဲကာ ကိုယ်စားလှယ်များအား ပါတီအချိုးချ၍ ရွေးချယ်သွားခြင်းဖြစ်ပါတယ်။ နည်းလမ်း (၄)အနေနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၉ မှာပါတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်သတ်မှတ်ချက်များအတိုင်း မဲပေးနိုင်ပါတယ်။ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)၊ ၃၆၉ ပုဒ်မခွဲ(က) မှာပါရှိတဲ့ နိုင်ငံသားများ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နဲ့လည်း ကိုက်ညီမှု တွေ့ရှိရပါတယ်။ ဒါ့အပြင် ပုဒ်မ ၃၉၁ (ခ)၊ ဆန္ဒမဲ တစ်မဲသာ မဲပေးပိုင်ခွင့်နဲ့လည်း ကိုက်ညီတဲ့အပြင် ပုဒ်မ ၃၉၃ ပုဒ်မခွဲ (က)မှာပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နဲ့လည်း ကိုက်ညီမှုရှိကြောင်းတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းလမ်း(၄)ဟာ ကမ္ဘာပေါ်မှာ ကျင့်သုံးနေတဲ့ MMP (Mixed Member Proportional) ရောနှောထားတဲ့ ကိုယ်စားလှယ်အချိုးကျစနစ်နဲ့ အလားသဏ္ဌာန် တူညီပါတယ်။ FPTP အပါအဝင် ရွေးကောက်ပွဲစနစ်တစ်မျိုးမျိုးရဲ့ ဆန္ဒမဲရလဒ်များကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အချိုးမညီမှုမှန်သမျှကို ကိုယ်စားလှယ်အချိုးအစားဖြင့် အစားထိုးဖြည့်ဆည်းပေးတဲ့ ပုံစံဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပါတီများအနေနဲ့ တတ်နိုင်သမျှ လွှတ်တော်အတွင်း ကိုယ်စားပြုပါဝင်ခွင့်ရရှိရန် အရေးတကြီးလိုအပ်မှာဖြစ်ပါတယ်။ တချို့ပါတီများကတော့ နိုင်ငံရေးတန်ဖိုးနဲ့ အယူဝါဒများအပေါ်မှာ အခြေခံပြီး နိုင်ငံရေးပါတီများကို ဖွံ့ဖြိုးစေမယ့်စနစ်များ ပေါ်ထွန်းရေးကိုလည်း လိုလားကြမှာဖြစ်ပါတယ်။ အမျိုးသားရေးအမြင်ရှိတဲ့ ပါတီများအနေနဲ့တော့ ကွာဟမှုကိုကျော်လွန်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုအခြေခံပြီး နိုင်ငံရေးပဋိပက္ခများကို လျော့ကျစေကာ ဂိုဏ်းဂဏစွဲများ၊ ဒေသစွဲများ ပယ်ဖျောက်စေလျက် ဒီမိုကရေစီပုံရိပ်ကို ထင်ဟပ်စေမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ မဲပေးပုံစနစ်အမျိုးမျိုးရှိပါတယ်။ မည်သည့်စနစ်မှာမဆို အားသာချက်၊ အားနည်းချက်၊ အကျိုး၊ အပြစ်၊ ပျော့ကွက်၊ ဟာကွက်များရှိပါတယ်။ စံပြုထိုက်တဲ့ မဲပေးပုံစနစ်မရှိဘဲ အလုပ်ဖြစ်သောစနစ်သာရှိပါတယ်။ နိုင်ငံရဲ့ လက်တွေ့ပကတိ အခြေအနေပေါ်မှာ မူတည်လျက် အားလုံးကလက်ခံနိုင်တဲ့ အသင့်လျော်ဆုံးစနစ်ကို

ရွေးချယ် ပြောင်းလဲကျင့်သုံးသွားကြရမှာ ဖြစ်ပါတယ်။ အဘယ်ကဲ့သို့သောရွေးကောက်ပွဲမှာမဆို အပြစ်အနာအဆာကင်းပြီးတော့ စင်းလုံးချော မဖြစ်နိုင်ဟု ယူဆပါတယ်။ မြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီလမ်းကို လျှောက်လှမ်းရာမှာ နိုင်ငံသားများရဲ့ နိုင်ငံရေးအပေါ်စိတ်ဝင်စားမှုနဲ့ အရည်အချင်းဟာအရေးကြီးတဲ့ အခန်းကဏ္ဍမှပါဝင်တာကြောင့် ကျင့်သုံးမယ့်စနစ်များအပေါ်မှာ ပြည်သူလူထုက ပွင့်ပွင့်လင်းလင်းနဲ့ အမြင်ရှင်းလင်းစွာ သိရှိနားလည် သဘောပေါက်ပြီးမှသာ ယုံကြည်လက်ခံပြီး ထောက်ခံမှုရရှိရန် လိုအပ်ပါတယ်။ သို့ပါ၍ နိုင်ငံတော်အား ဒီမိုကရေစီစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေပြီး အေးချမ်းတည်ငြိမ်စွာဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံသားများ၏ဆန္ဒနှင့် နိုင်ငံတော်၏ ပကတိအရှိတရားများအပေါ် သေသေချာချာလေ့လာသုံးသပ်ဆုံးဖြတ်ပြီးမှသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင်ရပ်နားပါသည်။]